စတုတ္ထအကြိမ်

မဟာဗြဟ္မစိုယ်တော် ပင့်ဆောင်ပူဇော်ပွဲ

မှတ်တမ်း


AIR CHINA



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဥယျောဇဉ် -----	၁
၂။	အမ္ဗာစာ -----	၃
၃။	ဗုဒ္ဓမြတ်စွယ်တော်သမိုင်း -----	၆
၄။	စတုတ္ထအကြိမ်ပင့်ဆောင် အပူဇော်ခံခြင်း -----	၈
၅။	ဗုဒ္ဓမြတ်စွယ်တော် စတင်ပင့်ဆောင်ခြင်း -----	၉
၆။	တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ကြိုဆိုပင့်ဆောင်ပွဲ အခမ်းအနားတွင် ဥပဂါတသန္တိစေတီတော်မှ ကြိုဆိုရန်နှင့် ဗုဒ္ဓဘိသေက အနေကဇာတင်အခမ်းအနားသို့ ကြွရောက်ကြည်ညိုကြသည့် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များစာရင်း -----	၁၉
၇။	နေပြည်တော်သို့ ပင့်ဆောင်ခြင်း	
	- ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာ အခမ်းအနား -----	၃၅
	- ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား -----	၇၉
	- နေပြည်တော်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနား -----	၉၉
၈။	ရန်ကုန်သို့ပင့်ဆောင်ခြင်း ၊	
	- ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား -----	၁၁၃
	- ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား -----	၁၁၃
	- ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား -----	
၉။	မန္တလေးသို့ ပင့်ဆောင်ခြင်း	
	- ကြိုဆိုပင့်ဆောင်ခြင်းမဟာ မင်္ဂလာအခမ်းအနား -----	၁၇၇
	- ဗုဒ္ဓဘိသေက အနေကဇာတင်အခမ်းအနား -----	၁၇၇
၁၀။	တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ခြင်း -----	၁၉၇

ဥယျောဇဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်နှင့် အညီ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများသည် ရှေးဘိုးစဉ်ဘောင်ဆက်ကပင် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ ရှေးမင်း အဆက်ဆက် တည်ထား ကိုးကွယ်ခဲ့သည့် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများသည် မြတ်ဗုဒ္ဓ၏ သာသနာရောင်ဝါထွန်းလင်းတောက်ပခဲ့သည်ကို ဖော်ညွှန်းပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ့သမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ နိုင်ငံရေးသမိုင်း၊ သံတမန်ဆက်ဆံရေးသမိုင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးသမိုင်း၌ ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များဖြစ်သော ဆံတော်၊ စွယ်တော်၊ အံတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်နှင့် ပရိဘောဂပစ္စည်းများဖြစ်သော သပိတ်တော်၊ တောင်ဝှေးတော်၊ သင်္ကန်းတော်၊ ကျောင်းတော်၊ သလွန်တော်၊ မဟာဗောဓိညောင်ပင်များသည် အစောဆုံးသမိုင်းမှသည် ယနေ့မျက်မှောက်ခေတ်အထိ အလွန်အရေးပါလှသော သရီရများဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်သည် လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ဘုရားစင်စစ်ဖြစ်တော်မူပြီး (၄၅) ဝါကာလပတ်လုံး တရားရအေး အမြိုက်ဆေးတိုက်ကျွေးခဲ့ပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ သက်တော်၈၀၊ ဝါတော် ၄၅ ဝါတွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီး စွယ်တော်၊ ဓာတ်တော်များ ကြွင်းကျန်ရစ်ခဲ့သည်။ အဆိုပါ စွယ်တော်၊ ဓာတ်တော်များအနက် စွယ်တော်မြတ်နှစ်ဆူသာလျှင် လူပြည်လူ့ရွာတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ အထက်လက်ဝဲစွယ်တော်မြတ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့ ကွမ်ရှိုးစု ဘုရားကျောင်း၌လည်းကောင်း၊ အောက်လက်ဝဲစွယ်တော်မှာ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စွယ်တော်ကျောင်း၌လည်းကောင်း၊ ကိန်းဝပ်စံပယ်တော်မူ၍ အထက်လက်ယာစွယ်တော်သည် တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီ၌လည်းကောင်း၊ အောက်လက်ယာစွယ်တော်သည် နဂါးပြည်ရှိ ရတနာစေတီတော်၌လည်းကောင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြောင်း သာသနာ့သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

သီရိလင်္ကာနိုင်ငံရှိ စွယ်တော်အစစ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စွယ်တော်အစစ်တို့အား မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးကို အနော်ရထာမင်းလက်ထက်မှစ၍ ပုဂံမင်း အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ထို့နောက်ပိုင်းတွင် တရုတ်နိုင်ငံရှိ မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်သည် ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ် အဖြစ် မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွရောက်အပူဇော်ခံ ခဲ့ပါသည်။ ထိုသို့ ဒေသစာရီ ကြွရောက်အပူဇော်ခံခဲ့သည့် ခရီးစဉ် သုံးကြိမ်စလုံးတွင် ရဟန်းရှင်လူမိဘပြည်သူများသည် ဗုဒ္ဓမြတ်စွယ်တော်အား ကုသိုလ်စိတ် ထက်သန်စွာ အလေးအမြတ်ထား ကြည်ညိုသဒ္ဓါပွားများလျက် ဖူးမြော်ပူဇော်ခဲ့ကြပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက် တိုင်းရေးပြည်ရာများကို စတင် တာဝန်ယူပြီး တစ်လတာကာလအတွင်းမှာပင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပထမဆုံးသော ပြည်ပခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်စဉ် ဗုဒ္ဓမြတ်စွယ်တော်ကို

ပြည်သူများ ထပ်မံဖူးမြော်ကြည်ညို သဒ္ဓါပွားများနိုင်ရန်အတွက် စတုတ္ထအကြိမ် မြန်မာနိုင်ငံသို့ပင့်ဆောင် ပူဇော်နိုင်ရေး သဒ္ဓါထက်သန်စွာဖြင့် ဦးဆောင်စီမံဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓသာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရန် နိုင်ငံတော်မှ ဦးဆောင်၍ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့၏ သဒ္ဓါတရားကိုအလေးထား၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် တင့်တယ်သပ္ပာယ်စွာ ကြည်ညိုပူဇော်နိုင်ရေး စီမံခဲ့သည်။ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံး၏ အထွတ်အမြတ်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရာတွင် အစစအရာရာ တာဝန်ကြီးမားလှပါသည်။ သို့သော် ပြည်သူများအတွက် ဗုဒ္ဓစွယ်တော် ပင့်ဆောင်ရေးကိစ္စမှာ တာဝန်ကြီးမားလှသကဲ့သို့ ကုသိုလ်တရားလည်း ကြီးမားလှသည်ဟု ခံယူလျက် ကြိုးပမ်းစီမံပေးခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်အစိုးရသစ်၏စေတနာကို ထင်ရှားစွာ သိမြင်နိုင်ပါသည်။

ထို့ပြင် ဗုဒ္ဓမြတ်စွယ်တော်ကို မဖူးမြော်ရသေးသည့် ဗုဒ္ဓဘာသာဝင်များအား ဆက်လက်ဖူးမြော် နိုင်ရန်နှင့် တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှုပြီး ထေရဝါဒဗုဒ္ဓသာသနာထွန်းကားသော မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ရန် ခွင့်ပြုသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထက်သန်လှသော သဒ္ဓါတရားနှင့် ဆွေးမျိုးပေါက်ဖော်ဆက်ဆံအလေးထားမှုတို့ကိုလည်း လေးစားမော်ကွန်းတင် အနုမောဒနာပြုထိုက်ပေသည်။

ထိုကဲ့သို့ ဗုဒ္ဓသာသနာတော်အရှည်တည်တံ့ပွားများနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ရဟန်းရှင်လူပြည်သူတို့ သဒ္ဓါညီတူကြသည့်အလျောက် စတုတ္ထအကြိမ် ဒေသစာရီကြွချီတော်မူလာသည့် ဗုဒ္ဓမြတ်စွယ်တော်ကို ဦးခိုက်ဖူးမြော်ကြည်ညို၍ စွယ်တော်မြော်ဖူး နိဗ္ဗာန်ကူး ကုသိုလ်ယူနိုင်ခဲ့ကြပေပြီ။ ဗုဒ္ဓမြတ်စွယ်တော် ခေတ္တစံပယ် အပူဇော်ခံစဉ်ကာလအတွင်း၊ ဒေသစာရီကြွချီစဉ်ကာလအတွင်း နှင့် တစ်နေရာမှ တစ်နေရာသို့ ပင့်ဆောင်စဉ်ကာလအတွင်း ဦးခိုက်ဖူးမြော် ကြည်ညိုပူဇော်ရသော ကုသိုလ်ကောင်းမှုများ၊ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြမှုများနှင့် လုပ်အားဒါနပြုခဲ့ကြမှုများ စသည့် ကုသိုလ်ကောင်းမှုအစုစုတို့အတွက် လူနတ်ဗြဟ္မာအပေါင်းတို့က နှစ်ထောင်းအား‌ရ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြမည်ဖြစ်ပြီး လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတရားများကို ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌ
ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး
ဦးစီးကော်မတီ

အမှာစာ

သုံးလူသခင် သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသည် လူနတ်ဗြဟ္မာ ဝေနေယျသတ္တဝါတို့အား ၄၅ ဝါ ကာလပတ်လုံး တရားရေအား အမြိုက်ဆေးကို တိုက်ကျွေးခဲ့ပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၊ သက်တော် ၈၀၊ ဝါတော် ၄၅ ဝါတွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်၍ တေဇောဓာတ် လောင်ကျွမ်းပြီး မကွဲမပြားတစ်သားတည်း တည်ရှိသော အသမ္ဘိ ဓာတ်တော်များဖြစ်သည့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ စုစုပေါင်း ခုနစ်ဆူနှင့် ဓာတ်တော် မွေတော်များကျန်ရစ်တော်မူခဲ့သည်။ အဆိုပါစွယ်တော် ဓာတ်တော်များတွင် စွယ်တော်မြတ်နှစ်ဆူသာလျှင် လူပြည် လူ့ရွာတွင် ကိန်းဝပ်စံပယ်တော်မူသည်။ ကျန်စွယ်တော်နှစ်ဆူသည် နတ်ပြည်နှင့် နဂါးပြည်တို့သို့ ပင့်ဆောင်သွားခဲ့ကြကြောင်း သာသနာ့သမိုင်းများ၌ ရေးသားဖော်ပြကြသည်။ လူပြည်ရှိ စွယ်တော်နှစ်ဆူအနက် အထက်လက်ဝဲစွယ်တော်မြတ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့ ကွမ် ရှိုးစု ဘုရားကျောင်း၌ လည်းကောင်း၊ အောက်လက်ဝဲစွယ်တော်မြတ်သည် သီရိလင်္ကာနိုင်ငံ၌ ကန္ဒီမြို့ရှိ စွယ်တော်ကျောင်း၌လည်းကောင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ အထက်လက်ယာစွယ်တော်မြတ်သည် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီ၌လည်းကောင်း၊ အောက်လက်ယာစွယ်တော်မြတ်သည် နဂါးပြည်ရှိ ရတနာစေတီတော်၌လည်းကောင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြောင်း မှတ်သားရပါသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော်အဖြစ် စေတီပုထိုးများ၊ ဂူကျောင်းဘုရားများနှင့် ဗုဒ္ဓသာသနိကအဆောက်အုံများကို သာသနာတော်တည်ဦးမှစ၍ ယနေ့တိုင်တည်ထားကိုးကွယ်ခဲ့ကြသည်။ ဤသည်မှာ သာသနာတော်တည်တံ့ရှင်သန်ပြန့်ပွားစေလိုခြင်း၊ ဗုဒ္ဓ၏အေးမြသော အဆုံးအမတရားတော်တို့၌ တည်မှီခိုလှုံနိုင်ကြခြင်းနှင့် မြန်မာပြည်သူပြည်သားတို့၏ တစ်သွေးတည်း၊ တစ်သားတည်း စည်းလုံးညီညွတ်မှုဖြင့် ဗုဒ္ဓသာသနာအပေါ် ကြည်ညိုကိုင်းရှိုင်းခြင်း သဒ္ဓါတရားထက်သန်သော ကုသိုလ်စိတ်ရှိခြင်းတို့ကို ဖော်ကျူးပြသခြင်းများပင် ဖြစ်ကြသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားခဲ့ကြသည့် မြန်မာ့ဗုဒ္ဓဘာသာ သာသနာပြုမင်းအဆက်ဆက်တို့သည် ဘုန်းလက်ရုံး အာဏာပြည့်စုံသည့် ကာလများအတွင်း၌ ကမ္ဘာတည်သရွေ့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးထွန်းလင်းတင့်တယ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့ရှေးဟောင်းသုတေသနနှင့် ရာဇဝင်သမိုင်းအထောက်အထားများအရ အနော်ရထာမင်းကြီးလက်ထက်ကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးကို ကြိုးပမ်းခဲ့ကြောင်း သိရပါသည်။ ၁၈၉၈ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကိုပင့်ဆောင်နိုင်ခဲ့၍ ထိုနောက်ပိုင်းတွင် ၁၉၅၅ ခုနှစ်၊ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့၌ တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ကြိုဆိုပင့်ဆောင်ပူဇော် ခဲ့ကြသည်။

ယနေ့နိုင်ငံတော် အစိုးရသစ်လက်ထက်တွင်လည်း မြန်မာနိုင်ငံနှင့် ရှေးအစဉ်အဆက်ကတည်းက ရင်းနှီးသည့် နိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအပေါ် လေးနက်သော သဘောထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား စတုတ္ထအကြိမ်အဖြစ် ပင့်ဆောင်အပူဇော်ခံခဲ့ပါသည်။ ဗုဒ္ဓမြတ်

စွယ်တော်ကို ပြည်သူများ ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန်လည်းကောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ ခိုင်မာနက်ရှိုင်းလှသော ဆက်ဆံရေးတို့ အရှည်သဖြင့် တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ပုဒ္ဓဘာသာ သာသနာတွင် သဒ္ဓါအင်အားကြီးမားလွန်းသော မြန်မာပြည်သူပြည်သားများ၏ စိတ်ဆန္ဒထက်သန်မှုကို ဖြည့်ဆည်းလို၍လည်းကောင်း ယခုကဲ့သို့ စတုတ္ထအကြိမ်အဖြစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကြွရောက်အပူဇော်ခံခွင့် ရရှိခြင်းဖြစ်သည်။ ထို့ပြင် ယနေ့ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထဉီးဆုံးအကြိမ် နေပြည်တော်သို့ ကြွရောက် အပူဇော်ခံခြင်းလည်းဖြစ်ပြီး ပုဒ္ဓမြတ်စွယ်တော်အား ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့တွင် ဖူးမြော်ခွင့်မရလိုက်ကြသော ပုဒ္ဓဘာသာဝင် ပြည်သူအပေါင်းအား ရတုန်းရခိုက် အခွင့်အရေးတစ်ခုအဖြစ် အစဉ်အဆက် ဖူးမြော်ပူဇော်နိုင်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်ရေးအတွက် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့ကို နိုင်ငံတော် သမ္မတရုံးက ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈/ ၂၀၁၁ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ပုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဒေသစာရီကြွခရီးအပူဇော်ခံစဉ်ကာလအတွင်းနှင့် ပြန်လည်ပင့်ဆောင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရေး၊ ရဟန်းရှင်လူပြည်သူ အပေါင်း စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ဆပ်ကော်မတီ ၉ ခု ဖြစ်သည့် ကိန်းဝပ်စံပယ်မည့် ဂန္ဓာကုဋိတိုက်တည်ဆောက်ရေး အခမ်းအနားပြင်ဆင်ရေးနှင့် မော်တော်ယာဉ်များပြင်ဆင်မွမ်းမံရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူဇော်မှုစီစဉ်ရေး ဆပ်ကော်မတီတို့ဖြင့် ဖွဲ့စည်း၍ ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်သို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် ပင့်ဆောင်ရောက်ရှိလာသော ပုဒ္ဓမြတ်စွယ်တော်ကို နေပြည်တော်မှ ကြိုဆိုပူဇော်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဒေသစာရီကြွခရီးရာတွင်လည်းကောင်း၊ မန္တလေးမြို့မှ ပေးကျင်းမြို့သို့ ပြန်လည်ပို့ဆောင်ရာတွင်လည်းကောင်း ထေရဝါဒ ပုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ခမ်းနားထည်ဝါစွာ ကြိုဆိုပင့်ဆောင်ပူဇော်နိုင်ခဲ့ပါသည်။

ပုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်ချမ်းမြေ့စွာနှင့် အဆင်ပြေချောမွေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အောက်ပါအတိုင်း (၄၈)ရက်တိုင်တိုင် အပူဇော်ခံထားရှိခဲ့သည်-

(၁) နေပြည်တော်	ဥပ္ပါတသန္တိစေတီဂန္ဓကုဋိလိုဏ်တော်	၆-၁၁-၂၀၁၁ မှ ၂၁-၁၁-၂၀၁၁ ထိ (၁၆) ရက်
(၂) ရန်ကုန်မြို့	ကမ္ဘာအေးကုန်းမြေ မဟာပါသာဏဂန္ဓကုဋိလိုဏ်တော်	၂၂-၁၁-၂၀၁၁ မှ ၇-၁၂-၂၀၁၁ ထိ (၁၆) ရက်

စတုတ္တအကြိမ် ပုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုမှတ်တမ်း



(၃) မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ၈-၁၂-၂၀၁၁ မှ
ကျောင်းတော် ၂၃-၁၂-၂၀၁၁ ထိ (၁၆) ရက်

ဗုဒ္ဓမြတ်စွာဘုရား၏ အထက်လက်ဝဲစွယ်တော်မြတ်ကို မျက်မှောက်ထင်ထင် ဖူးမြော်ကြည်ညို ရခြင်းဖြင့် မြတ်ဗုဒ္ဓ၏ အနန္တဂုဏ်ကို စိတ်ဝယ် ယုံကြည်အာရုံပြုနိုင်ခြင်း၊ နတ်ရွာနိဗ္ဗာန် အကျိုးစီးပွား အလို့ငှာ ပူဇော်ကြည်ညိုလျှုဒါန်းခဲ့ကြခြင်းတို့ကြောင့် မြန်မာပြည်သူတို့၏ စိတ်နှလုံးဝယ် ကောင်းမှုမင်္ဂလာ အကျိုးတရားများကို ခံယူရရှိနိုင်ပေမည်။ ထို့ပြင် စွယ်တော်မြတ်ဒေသစာရီကြွချီအပူဇော်ခံစဉ်ကာလ အတွင်း ဖြောင့်ဖြူးသာယာစွာ ရှိနေရလေအောင်၊ အစင်အကြယ်ဖြစ်အောင် မွမ်းမံပြင်ဆင်ထားရှိမှု ပုဗ္ဗ ကုသိုလ်၊ သန့်ရှင်းသာယာလှပအောင် ဝေယျာဝစ္စဒါန၊ ပူဇော်ကြည်ညိုခြင်း ဓမ္မပူဇာ၊ နည်းများမဟူ လျှုဒါန်းခြင်း အာမိသပူဇာမုဥ္စကုသိုလ်နှင့် ကုသိုလ်ပြုနိုင်ခဲ့မှုများအပေါ် အဖန်တလဲလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်တည်နေမှု အပရကုသိုလ်စသည့်ကုသိုလ်အစုစုတို့ကို ပိုင်ဆိုင်ရရှိ၍ ကမ္ဘာတည်သရွေ့ ပြည်သူ ပြည်သားများ၏ နှလုံးအိမ်ဝယ် ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် သားစဉ်မြေးဆက်ခံယူနိုင် ကြမည်ဖြစ်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အကျိုးစီးပွားတိုးပွားခြင်းကို ဆောင်ကြဉ်းပေး နိုင်မည်ဖြစ်ပါကြောင်း ဂုဏ်ယူမှတ်တမ်းတင်အပ်ပါသည်။

ဥက္ကဋ္ဌ
ပြန်ကြားရေးဆပ်ကော်မတီ

ဗုဒ္ဓမြတ်စွယ်တော် သမိုင်းအကျဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးဘိုးစဉ်ဘောင်ဆက် ကာလကပင် ဗုဒ္ဓဘာသာစည်ပင်ထွန်ကားရာ ဘူမိနက်သန်နေရာမှန်ဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက်တည်ထားကိုးကွယ်ခဲ့သော ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများသည် သာသနာရောင်ဝါထွန်းလင်းတောက်ပခဲ့ပုံကို ဖော်ပြလျက်ရှိပေသည်။ ဘုန်းလက်ရုံးကြီးမားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားခဲ့ကြသည့် ရှေးမင်းအဆက်ဆက်တို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်အား ထွန်းလင်းတင့်တယ်စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ၄၅ ဝါကာလပတ်လုံး လောကသုံးပါးအား တရားဖြင့်စောင့်ရှောက်ပြီး သက်တော် ၈၀ အရောက် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်၍ တဇော်ဓာတ်လောင်ကျွမ်းပြီးနောက် မကွဲမပြားတစ်သားတည်းတည်သော အသမ္ဘိဓာတ်တော်များဖြစ်သည့် စွယ်တော် လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ စုစုပေါင်း ခုနစ်ဆူနှင့် ဓာတ်တော်မွေတော်များ ကျန်ရစ်တော်မူခဲ့ပါသည်။

တဇော်ဓာတ်လောင်ကျွမ်းသဖြင့် ရရှိလာသော ဓာတ်တော်မွေတော်များအား ရယူလိုသဖြင့် တိုင်းပြည်ရှစ်ပြည်ထောင်မှ ဘုရင်များ စစ်တပ်ခြီ၍ စုဝေးရောက်ရှိခဲ့ကြရာ နောက်ဆုံးတွင် မြတ်စွာဘုရားသခင်၏ ဓာတ်တော်များအား ငြိမ်းချမ်းစွာဖြင့် အညီအမျှ သုံးပုံစုပုံပြီး လူပြည်၊ နဂါးပြည်၊ နတ်ပြည်တို့ခွဲဝေယူခဲ့ကြသည်။ လူပြည်အတွက် ဝေစုကို ရှင်ဘုရင် ရှစ်ပါးတို့ အညီအမျှ ထပ်မံခွဲဝေယူကြရာတွင် စွယ်တော် နှစ်ဆူလည်း ပါဝင်ခဲ့သည်။ ကျန်စွယ်တော် နှစ်ဆူမှာ နတ်ပြည်နှင့် နဂါးပြည်သို့ ပင့်ဆောင်သွားခဲ့ကြကြောင်း မှတ်သားရပါသည်။ လူပြည်ရှိ စွယ်တော် နှစ်ဆူအနက် တစ်ဆူမှာ သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင်သွားခဲ့ပြီး ကျန် (၁)ဆူမှာ တရုတ်နိုင်ငံ လင်ကွမ်းကျောင်းတော်၌ မူရင်းအတိုင်း စံပယ်လျက်ရှိပါသည်။ သီရိလင်္ကာရှိ စွယ်တော်မှာ လက်ဝဲအောက် စွယ်တော်ဖြစ်ပြီး တရုတ်နိုင်ငံရှိ စွယ်တော်မှာ လက်ဝဲအထက်စွယ်တော်ဖြစ်ပါသည်။

အဆိုပါ လက်ဝဲအထက်စွယ်တော်အား ရဟန်းတော်တစ်ပါးက ပါကစ္စတန်နိုင်ငံ သိန္ဓုမြစ်ကမ်း (ယခု တက္ကသီလာမြို့ Texila) အနီး၌ စေတီကိုးကွယ်ဌာပနာထားခဲ့ပါသည်။ နောက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်သည် ဥဇနနိုင်ငံ (ယခုပါကစ္စတန်) မှတစ်ဆင့် နယ်မြေချင်းဆက်စပ်နေသော တရုတ်နိုင်ငံရှင်းကျန်းပြည်နယ် ဟေထရန်းခရိုင် ခိုတန်မြို့သို့ ပင့်ဆောင်ရောက်ရှိခဲ့ပါသည်။ ထို့နောက် တရုတ်တောင်ပိုင်း နန်ချောင် (Nan Chao) မင်းဆက်ကာလ ဘုန်းတော်ကြီးဖာရှန်း (Fa Xian) (အေဒီ ၄၂၄-၄၉၈) က စွယ်တော်မြတ်အားခိုတန်အရပ်မှ တရုတ်တောင်ပိုင်း ချီမင်းဆက်မြို့တော် နန်ကျင်းသို့ ပင့်ဆောင်ခဲ့သည်။ ၎င်းနောက် ဆွေမင်းဆက်လက်ထက်တွင် တရုတ်တစ်နိုင်ငံလုံးအား စည်းရုံးသိမ်းသွင်းပြီးနောက် မြို့တော်သစ်ချန်အမ်း (ယခု ရှီးအန်း -Xian) သို့ ပင့်ဆောင်ခဲ့ပါသည်။ မင်းဆက်ငါးဆက်လက်ထက် တရုတ်ပြည်အလယ်ပိုင်းတွင် မတည်မငြိမ် ဖြစ်လာသဖြင့် ဗုဒ္ဓမြတ်စွယ်တော် ကို တစ်နေရာမှ

တစ်နေရာသို့ ပြောင်းရွှေ့ပင့်ဆောင်ခဲ့ရာ လျောင်မင်းဆက်လက်ထက်တွင် မြောက်ပိုင်း လီယိုမင်းဆက်တို့၏ ရွှေမြို့တော်ယန်ကျင် (Yan Jing) (ယခုပေကျင်းမြို့-Beijing) သို့ ရောက်ရှိခဲ့ပါသည်။ သမိုင်းမှတ်တမ်းများအရ ဗုဒ္ဓမြတ်စွယ်တော်သည် ခရစ်သက္ကရာဇ် ၁၀၇၁ ခုနှစ်၊ ဩဂုတ်လ၌ ကျောင်းရှန်စေတီ (Zhao Xian) တွင် ကိန်းဝပ်စံပယ်ခဲ့ကြောင်း သိရှိရပါသည်။

ကျောင်းရှန်စေတီတည်ရှိရာ လင်ကွမ်းဘုန်းတော်ကြီးကျောင်းသည် (၈)ရာစုက တည်ဆောက်ခဲ့သော ကျောင်းကြီးဖြစ်ပြီး ကျောင်းဝင်းအရှေ့တောင်ထောင့်နေရာ၌ အုတ်နှင့် တည်ဆောက်ထားသော အဋ္ဌဂံပုံစံ အထပ် (၁၀)ထပ်ပါ စေတီတည်ရှိလျက် ၎င်းစေတီ၏ အုတ်ချပ်များတွင် ဗုဒ္ဓပုံတော်နှင့် စေတီပုံတော်များ ပါရှိသောကြောင့် "ဗုဒ္ဓဘုရားပုံတော်တစ်ထောင်စေတီ" (ဗုဒ္ဓရုပ်စုံ တစ်ထောင် စေတီ) ဟု ခေါ်တွင်ခဲ့ပေသည်။

၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့ ရှစ်နိုင်ငံတို့၏တပ်များ ပူးပေါင်း၍ ပီကင်းရွှေမြို့တော်သို့ ကျူးကျော်ဝင်ရောက်လာကြပြီး ပစ္စည်းများ လုယူဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ကြသဖြင့် လင်ကွမ်းဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းရှန်စေတီတို့ပါ ပျက်စီးကုန်ခဲ့ပါသည်။ ယင်းဘေးဆိုးကြီး လွန်မြောက်ပြီးနောက် ကျောင်းနေရဟန်းတို့သည် ကျောင်းဝင်းကို ရှင်းလင်းကြရာ စေတီမှ ပြိုကျခဲ့သော အုတ်ခဲ၊ ကျောက်ခဲများကို တူးဆွကြည့်ကြရာမှ စကြာပုံသဏ္ဌာန် ကျောက်အဖုံးတစ်ခုနှင့် ထိုအဖုံးပေါ်တွင် "ယေဓမ္မာ ယေတုပ္ပဘဝါ" အစချီ (၇ ရာစုခေတ်) သင်္ကရိုက်ဘာသာနှင့် ဂါထာစာကြောင်းကို တွေ့ကြရလေသည်။ ထိုဂါထာမှာ ရှင်သာရိပုတ္တရာလောင်းဖြစ်သော ဥပတိဿကို ရှင်အဿဇိက ဟောသောတရားဖြစ်လေသည်။

ယင်းဂါထာကို မြန်မာဘာသာဖြင့် ပြန်ဆိုပါက-

"အကြင်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းတရားတို့၏ အကြင်ချုပ်ခြင်းသည် ရှိ၏။ ထိုချုပ်ခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ မြတ်သောရဟန်းကြီးသည် ဤသို့အယူရှိ၏။" ဟူ၍ ဖြစ်ကြောင်းလေ့လာသိရှိရပါသည်။ ယင်းကျောက်ဖုံးနှင့်အတူ တွေ့ရှိသော ကျောက်သေတ္တာငယ်ကို ဖွင့်ကြည့်ရာတွင် အတွင်း၌ စန္ဒကူးသား သေတ္တာငယ်ကို တွေ့ကြရပြီး ယင်းသေတ္တာငယ်၌ **သကျမုနိ ဗုဒ္ဓ၏ မြတ်စွယ်တော်** ဟူသော စာတန်းထိုးထား၍ အတွင်းကို ကြည့်ကြသောအခါ ပိုးစဖြင့် ထုပ်ထားသော အရှည် နှစ်လက်မခန့်၊ လုံးပတ် နှစ်လက်မခန့်ရှိ ဗုဒ္ဓစွယ်တော်ကို ပေါ်လွင်ထင်ရှားစွာ ဖူးတွေ့ခဲ့ကြရသည်။

၁၉၉၅ ခုနှစ်ဦးတွင် တရုတ်ဗုဒ္ဓဘာသာအဖွဲ့နှင့် လင်ကွမ်းဘုန်းတော်ကြီးကျောင်းတို့ သဘောတူညီချက်ဖြင့် ပေကျင်းမြို့ ကွမ်ရှိုးစု ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ကြပြီး ကျောက်မျက်ရတနာခုနစ်ပါးနှင့် စီခြယ်ထားသော ထူပါရုံစေတီပုံ ရွှေသားပကတိကြုတ်အတွင်း ဗုဒ္ဓမြတ်စွယ်တော်ကို ကိန်းဝပ်စေပြီး သရီရကျောင်းဆောင်တော်ကြီး၌ တည်ထားကိုးကွယ်ခဲ့ပေသည်။ ယခုအခါ ပေကျင်းမြို့အနောက်အရပ်ရှိ ထင်ရှားသော ပါတာ့ချူး (Ba Da Chu) တောင်၊ လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်တွင် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ကျွန်းသစ်ရတနာ တန် ၃၀၀ ဖြင့် မွမ်းမံတည်ဆောက်ထားသော ကျောင်းဆောင်တစ်ခုရံလျက် ခမ်းနားထည်ဝါသော ဂန္ဓကုဋိတိုက်အတွင်း တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက်ရှိပြီဖြစ်ပါသည်။

စတုတ္ထအကြိမ် ပင့်ဆောင်အပူဇော်ခံခြင်း

ပုဒ္ဓမြတ်စွယ်တော်သည် တစ်ကမ္ဘာလုံးရှိ ပုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထား ကိုးကွယ်ရာဖြစ်သည်နှင့်လျော်ညီစွာ ရတနာ (၇) သွယ်စီခြယ်ထားသည့် စွယ်တော်ပလ္လင်နှင့်စီစဉ်၍ တင့်တယ်ခံညားထယ်ဝါ သပ္ပာယ်စွာစံပယ်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသို့ ဒေသစာရီကြွချီ၍ ပုဒ္ဓဘာသာဝင်ပြည်သူများ၏ ပူဇော်အထူးကို ခံယူခဲ့ပါသည်။ ထို့ပြင် တရုတ်နိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်၏ ဂုဏ်သတင်းသည် ဂျပန်၊ တောင်ကိုးရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အစရှိသော် ပုဒ္ဓဘာသာဝင်နိုင်ငံများသာမက နိုင်ငံရပ်ခြား ကမ္ဘာအနှံ့သို့တိုင် အထူးပင်ပျံ့နှံ့ထင်ရှားကျော်ကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်သည် ၁၉၅၅ ခုနှစ် ပါလီမန်အစိုးရလက်ထက်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုသည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၆ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တတိယအကြိမ် မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွရောက်ဖူးမြော်ခံခဲ့ပါသည်။ ဒေသစာရီကြွရောက်အပူဇော်ခံခဲ့သည့် ခရီးစဉ် သုံးကြိမ်စလုံးတွင် မြန်မာပြည်သူတို့သည် ပုဒ္ဓမြတ်စွာတော်အား သဒ္ဓါထက်သန်စွာ အလေးထားဖူးမြော်ကြည်ညိုပူဇော်ခဲ့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်း၏ဖိတ်ကြားချက်အရ ၂၀၁၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့စဉ် မေလ ၂၈ ရက်နေ့တွင် ပုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲတော်မြတ်စွယ်တော်ကိန်းဝပ်စံပယ်လျက်ရှိသော ပေကျင်းမြို့ရှိ ကွမ်ရှိန်စုဘုရားကျောင်းသို့ ရောက်ရှိခဲ့ပြီး ယင်းကျောင်းတိုက်၏ကျောင်းထိုင်ဆရာတော်များထံ ၎င်းပုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်ကြည်ညိုကုသိုလ်တရားပွားများနိုင်ကြစေရေးအတွက် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီရန် ပင့်လျှောက်ရာတွင် ဆရာတော်များက လက်ခံသဘောတူခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်သမ္မတကြီး၏ အမြော်အမြင်ကြီးမားသော ကျေးဇူးတရားကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၆ ရက်တွင် စတုတ္ထအကြိမ် ဒေသစာရီကြွချီ အပူဇော်ခံရာတွင် သီတင်းသုံးအပူဇော်ခံသွားမည်ဖြစ်ပါသည်။ ယင်းပုဒ္ဓမြတ်စွယ်တော်ကို မဖူးမြော်ရသေးသည့် ပုဒ္ဓဘာသာဝင်များ အစဉ်အဆက် ဖူးမြော်ပူဇော်နိုင်ရန်အတွက်လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍လည်းကောင်း၊ ထေရဝါဒပုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံ၏ သဒ္ဓါတရားကို လေးစားသောအားဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ယခုကဲ့သို့ စတုတ္ထအကြိမ် ကြွရောက်ပူဇော်ခွင့်ရရှိခြင်းဖြစ်သည့်အပြင် ယခုပြည်ထောင်စုအစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ် နေပြည်တော်သို့ ကြွရောက်ပူဇော်ခံခြင်းလည်း ဖြစ်ပါသည်။

ပုဒ္ဓမြတ်စွယ်တော်စတင်ပင့်ဆောင်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်လူပြည်သူများ ဖူးမြော်ကြည်ညို နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားနှင့် ပုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ နံနက် ၅ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပုံတာ့ချူး (Ba Da Chu) ရှိ ပုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံတော်မူသည့် လင်ကွမ်းစီ (Ling Guang Si) ကျောင်းတော်စွယ်တော်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

ပုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ခြင်းအခမ်းအနားနှင့် ပုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားများသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် (Mr. Wang Zuo An)၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ဦးနှင့် ပုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်သာသနာရေးဗျူရို နိုင်ငံခြားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Gur Wei နှင့် တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဗိုလ်ချုပ် Mr.Xu Chao Shan Xi ပြည်နယ်နှင့် Ji Lin ပြည်နယ်သာသနာရေးဗျူရိုတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven.Chuan Yin နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗုဒ္ဓစွယ်တော်တိုက်ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့်နှင့် ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ တရုတ်ဗုဒ္ဓဘာသာဝင် အသင်းသား၊ အသင်းသူများနှင့် တရားဓမ္မပူဇော်ရေးအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဖူးမြော်ကန်တော့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven.Chuan Yin အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ကြသည်။ ယင်းနောက် ပုဒ္ဓမြတ်စွယ်တော်အား ဘုန်းတော်ကြီး Ven.Chuan Yin ဦးဆောင်၍ ဆရာတော် သံဃာတော်များက ပုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး အမွှေးနံ့သာများဖြင့် ပူဇော်ကြသည်။ ထို့နောက် ပုဒ္ဓမြတ်စွယ်တော်အား ဘုန်းတော်ကြီး Ven.Chuan Yin ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သာသနာရေးအဖွဲ့ဝင်များက အထူးမော်တော်ယာဉ်ဖြင့် ပေကျင်း Capital လေဆိပ်သို့ ပင့်ဆောင်ကြသည်။

ဝတ်ရွတ်ပူဇော်

ထိုသို့ ပင့်ဆောင်စဉ် ဆရာတော်၊ သံဃာတော်များ၊ တရုတ်ဗုဒ္ဓဘာသာဝင်အသင်းသား၊ အသင်းသူများ၊ တရားဓမ္မပူဇော်ရေးအဖွဲ့ဝင်များက တရုတ်-မြန်မာနှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ တရားတော်များကို ရွတ်ဖတ်သရဇ္ဈယ်ကာ ဖူးမြော်ကြည်ညိုကြသည်။

လွှဲပြောင်းစာချုပ်လက်မှတ်ရေးထိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေးအတွက် လွှဲပြောင်းလက်ခံစာချုပ်လက်မှတ်ရေးထိုးပွဲကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း Capital လေဆိပ် အထူးဧည့်ခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr.Wang Zuo An ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးတင်ဦးနှင့် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်သာသနာရေးဗျူရို နိုင်ငံခြားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Guo Wei နှင့် တာဝန်ရှိသူများ၊ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗုဒ္ဓစွယ်တော်တိုက်ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇချန်ကျန့်နှင့် ဆရာတော်၊ သံဃာတော်များတက်ရောက်ကြသည်။ ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေးအတွက် လွှဲပြောင်းလက်ခံစာချုပ်ကို ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်နှင့် နိုင်ငံတော်သာသနာရေးဗျူရိုညွှန်ကြားရေးမှူးချုပ် Mr.Wang Zuo An တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ပင့်ဆောင်ပူဇော်

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် နံနက် ၈ နာရီတွင် ပေကျင်း Capital လေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ပင့်ဆောင်ရန် အထူးလေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးအဖွဲ့သည် ဗုဒ္ဓမြတ်စွယ်တော်အား ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ပင့်ဆောင်ခဲ့ကြရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An ဦးဆောင်သော သာသနာရေးဗျူရိုမှ ၃၅ ဦး၊ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဘုန်းတော်ကြီး Ven. Chuan Yin ဦးဆောင်သော ဆရာတော်၊ သံဃာတော် ၃၂ ပါးနှင့် မီဒီယာ ၅ ဦးတို့ လိုက်ပါခဲ့ကြသည်။

တရက်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အစီအစဉ်

[၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၆ -၁၁- ၂၀၁၁) တနင်္ဂနွေနေ့]

ပထမပိုင်း

(ဥပွါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်အတွင်းသို့ ပင့်ဆောင်ခြင်း)

၁။ အနုပညာအဖွဲ့များက ဓမ္မတေးများဖြင့် သီကျူးပူဇော်ရန်၊ (၅၀-မိနစ်)
(လေယာဉ် မဆိုက်ရောက်မီ ၁-နာရီအလို)
(က) ယဉ်ကျေးမှုဝန်ကြီးဌာန၊ မင်္ဂလာစည်တော်အဖွဲ့
(ခ) ရုပ်ရှင်ဂီတအစည်းအရုံး

၂။ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများနှင့် အသင်းအဖွဲ့များ သတ်မှတ်နေရာများတွင် နေရာယူပူဇော်ရန်၊ (လေယာဉ် မဆိုက်ရောက်မီ မိနစ်-၃၀ အလို)

၃။ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ပူဇော်ကြမည့် နတ်မင်းကြီးများနှင့် High Loader တို့ အသင့်နေရာယူရန်၊ (လေယာဉ် မဆိုက်ရောက်မီ ၂၇-မိနစ် အလို)

၄။ ပရိသတ်များအားလုံးက ဒိသာဖရဏ အရပ်ဆယ်မျက်နှာမေတ္တာပို့အလင်္ကာများကို သံပြိုင်ညီညာ ရွက်ဆိုပွားများ ပူဇော်ကြရန်၊ (လေယာဉ် မဆိုက်ရောက်မီ ၁၀- မိနစ် အလို)

၅။ အကြီးအကဲများ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်မည့်နေရာသို့ ကြွရောက်နေရာယူရန်၊

၆။ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော် အမှူးပြုသည့် သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများအား သတ်မှတ်နေရာသို့ ပင့်ဆောင်ရန်၊

၇။ ပရိသတ်များအားလုံး ရတနာသုံးပါးဂုဏ်တော်များကို အာရုံပွားလျက် တိတ်ဆိတ်ငြိမ်သက်စွာနေရန်၊
(လေယာဉ် မဆိုက်ရောက်မီ ၃- မိနစ် အလို)

၈။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့က ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံဖြင့် သီကျူးတီးခတ်ပူဇော်ရန်၊

၉။ ဗုဒ္ဓမြတ်စွယ်တော်ပင့်လေယာဉ် သတ်မှတ်နေရာသို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် အောင်စည်အောင်မောင်း သုံးကြိမ် တီးခတ်ပူဇော်ရန်။

စတုတ္ထအကြိမ် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုမှတ်တမ်း

ဒုတိယပိုင်း

(ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ခြင်း)

၁။ လေယာဉ်တံခါးဖွင့်သည့်အချိန်တွင် ပရိသတ်များအားလုံးက-

(က) နမော တဿ- သုံးကြိမ်၊

(ခ) ဣတိပိ သော ဘဂဝါ-အစချီ ဘုရားဂုဏ်တော်ကိုးပါးပါဋိ

(ဂ) သွာက္ခတော ဘဂဝတော ဓမ္မော-အစချီ တရားဂုဏ်တော်ခြောက်ပါးပါဋိ

(ဃ) ဟေတုပစ္စယော-အစချီ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဋိ

(င) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-အစချီ သံဃာ့ဂုဏ်တော်ကိုးပါး ပါဋိများကို ရွတ်ဆို၍ ဗုဒ္ဓမြတ်စွယ်တော်အား မြတ်နိုးကော်ရော် ဖူးမြော်ကြိုဆိုပူဇော်ရန်၊

၂။ အခမ်းအနားမှူးက ဗုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော်တွင် ယာယီကိန်းဝပ်စံပယ် အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်ရန်၊

၃။ ဗုဒ္ဓမြတ်စွယ်တော်အား High Loader ဖြင့် မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ချိန်တွင် ပရိသတ်များအားလုံးက ဆုတောင်းလင်္ကာ သုံးပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ရန်၊

(က) ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါနေသို့ လင်းစေသောဝ်၊

(ခ) ယနေ့ကြွလာ ထေရ်ဆရာ ချမ်းသာကိုယ်စိတ်မြဲစေသောဝ်၊

(ဂ) ယနေ့ကြွလာ ဆွေသဟာ လိုရာ ဆန္ဒပြည့်စေသောဝ်၊

၄။ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ရန်၊

(ထိုသို့ ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ရန်နှင့် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ တီးခတ်ပူဇော်ရန်၊)

၅။ ပရိသတ်များအားလုံးက သာသနာ့အလံများ အောင်သပြေပန်းများဖြင့် လက်အုပ်ချီမိုး ရှိခိုးကြိုဆိုကြရန်၊

၆။ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်း နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ အစီအစဉ်အတိုင်း ထွက်ခွာခြင်း-

(က) ဆော်ဩရေးယာဉ်၊

(ခ) ဓမ္မတေးအဖွဲ့ယာဉ်

(ဂ) ရတနာရထားယာဉ်တော်၊

(ဃ) တရုတ်ဧည့်သည်တော်အဖွဲ့ယာဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အစီအစဉ်

[၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၆ -၁၁- ၂၀၁၁) တနင်္ဂနွေနေ့]

ပထမပိုင်း

(ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်အတွင်းသို့ ပင့်ဆောင်ခြင်း)

၁။ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပူဇော်ကြမည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ သတ်မှတ်နေရာများတွင် နေရာယူပူဇော်ကြရန်၊

၂။ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော် အဝင်မုခ်ဦးသို့ ရောက်ရှိသော အခါ ပရိသတ်များအားလုံးက ဒိသာဖရဏာ အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်မှတ်များကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြရန်၊

၃။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက်မဟာသာသနာ့ဝိမာန်တော် မုခ်ဦးရှေ့သို့ ရောက်ရှိသောအခါ ဗုဒ္ဓမြတ်စွယ်တော်အား အောင်ဒိုးကိုင်၊ သာသနာ့အလံကိုင် ဥပါသကများ ဦးဆောင်၍ ဆင်ဖြူတော်ဘဒ္ဒဝတီဖြင့် ပင့်ဆောင်ကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပြီး အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ရန်၊

(ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ရန်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မဂ်လာစည်တော်အဖွဲ့က စည်တော်သံများဖြင့် သီကျူးတီးခတ်ပူဇော်ရန်)

၄။ စေတီတော်အရှေ့ဘက်မုခ်သို့ ရောက်ရှိသောအခါ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မဂ်လာဝေါဟာဉ်တော်ပေါ်သို့ ပြောင်းရွှေ့ပြင်ဆင်ရန် ၊

၅။ နတ်မင်းကြီး ၁၆-ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မဂ်လာဝေါဟာဉ်တော်ဖြင့် ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်း အရှေ့အရပ် မဟာမဏိမယဂေါတမ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့ရှိ ရတနာရွှေပလ္လင်ပေါ်တွင် အပူဇော်ခံထားရှိရန်။

ဒုတိယပိုင်း

(ပုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ခြင်း)

- အကြီးအကဲ ဘုရားဒါယကာ၊ ဒါယိကာမများက ပုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်း ပန်းမန်နှံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ရန်၊
- ဥပါသကများက သံဃာတော်များအား သံဃာသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ရန်။

၁။ နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အနေကဇာတင် အခမ်းအနား ဖွင့်လှစ်ရန်၊

၂။ အခမ်းအနားမှူးက ပုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော်တွင် ယာယီကိန်းဝပ်စံပယ် အပူဇော် ခံတော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်ရန်၊

၃။ ဥပါသကများက သံဃာတော်များအား ပုဒ္ဓါဘိသေက အနေကဇာတင်ဌာနသို့ ပင့်ဆောင်၍ တံခွန် ကုက္ကား မုလေးပွားများ ဆက်ကပ်ရန်၊

၄။ သံဃာတော်အရှင်သူမြတ်တို့က ပုဒ္ဓမြတ်စွယ်တော်အား ပုဒ္ဓါဘိသေက အနေကဇာတင်၍ ပုဒ္ဓါဘိသိက် သွန်းတော်မူရန်၊

၅။ ဥပါသကများက သံဃာတော်များထံမှ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ပြန်လည်သိမ်းဆည်း၍ သံဃာသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ရန်၊

၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ် ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြရန်၊

၇။ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖွားသရဏာယ်တော်မူသော သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာ သုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူရန်၊

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမုန်တို့ အမှူးပြုသော ဘုရားဒါယကာ ဒါယိကာမတို့က သံဃာတော်အရှင်သူမြတ် တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းရန်၊

၉။ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အောင်ဩဘာစာတမ်းလွှာ ဖတ်ကြားပူဇော်ရန်၊

၁၀။ နိုင်ငံတော်ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေရန်၊

၁၁။ ပုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းရန်၊

၁၂။ ဥပါသကများက သံဃာတော်များအား ပြန်လည် ပင့်ဆောင်ရန်။

နေပြည်တော် ဥပဒါတသန္တိစေတီတော် အရှေ့ဘက်လိုဟ်တော်အတွင်း
ယာယီကိန်းဝပ်စံပယ်တော်မှူလျက်ရှိသော
တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား
ဗုဒ္ဓဘိသေက အနေကဇာတင်ခြင်းနှင့် နေပြည်တော်မှ ရန်ကုန်မြို့သို့
ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနား အစီအစဉ်

[၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်၊ (၂၂-၁၁-၂၀၁၁) အင်္ဂါနေ့]

အခမ်းအနားစတင်ချိန်- နံနက် ၀၆း၃၀ နာရီ

- နိုင်ငံတော် သမ္မတကြီးနှင့် ဇနီးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မြသပိတ်ဆွမ်းတော် သောက်တော်ရေချမ်း ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ရန်၊
- ဥပါသကများက သံယာတော်များအား သံယာသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ရန်။

ပထမဝိုင်း

(ဗုဒ္ဓဘိသေက အနေကဇာတင် ဆင်ယင်ခြင်း)

၁။ နမော တဿ သုံးကြိမ်ရွတ်ဆိုပြီးသောအခါ ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ခြင်း၊ (၃-မိနစ်)

(နမော တဿ ပြီးဆုံးသောအခါ တေးသံရှင်မြန်မာမလေး မသပြေက ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံ သုံးပိုဒ်ဖြင့် သီကျူးပူဇော်ပြီး မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ် တီးခတ်ပူဇော်ရန်)

၂။ ဥပါသကများက သံယာတော်များထံ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ခြင်း၊ (၁-မိနစ်)

၃။ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူခြင်း၊ (၇-မိနစ်)

၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သံယာတော်များက ဗုဒ္ဓဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူခြင်း၊ (၇-မိနစ်)

၅။ ဥပါသကများက သံယာတော်များထံမှ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ပြန်လည် သိမ်းဆည်းခြင်း၊ (၁-မိနစ်)

၆။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ နေပြည်တော် တပ်ကုန်းမြို့၊ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသီရီ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ **(၇-မိနစ်)**

၇။ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖွားသရဏာယ်တော်မူသော သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူခြင်း၊ **(၆-မိနစ်)**

၈။ နိုင်ငံတော်သမ္မတကြီးနှင့် ဇနီးတို့ အမှူးပြုသော အကြီးအကဲများက သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ **(၃-မိနစ်)**

၉။ နိုင်ငံတော်ဩဝါဒိစရိယဆရာတော်၊ နေပြည်တော်ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမစေ့းကုန်းကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ **(၁၀-မိနစ်)**

၁၀။ နိုင်ငံတော်သမ္မတကြီးမှ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊

(တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဒုဖွဲ့ညွှန်ကြားရေးမှူးချုပ်မှ လက်ခံရန်) **(၂-မိနစ်)**

၁၁။ အခမ်းအနားမှူးက ပုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ အပူဇော်ခံကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်ခြင်း၊ **(၂-မိနစ်)**

၁၂။ ပုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခြင်း။ **(၁-မိနစ်)**

- သံဃာတော်များအား ပြန်လည်ပင့်ဆောင်ခြင်း၊

- နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး အမှူးပြုသော အကြီးအကဲများ ပြန်လည်ထွက်ခွာခြင်း၊

ပထမပိုင်းကြာမြင့်ချိန် စုစုပေါင်း
(၅၀-မိနစ်)

ဒုတိယပိုင်း

(စေတီတော်လိုက်အတွင်းမှ အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ခြင်း)

၁။ ပုဒ္ဓမြတ်စွယ်တော်အား ဦးခိုက်ပူဇော်ကြမည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ သတ်မှတ်နေရာများတွင် နေရာယူပူဇော်ခြင်း၊ **(၁-မိနစ်)**

၂။ နတ်မင်းကြီး ၁၆-ပါးတို့က ပုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါဟာရတော်ဖြင့် ဥပဓါတသန္တိစေတီတော်လိုက်တော်အတွင်းမှ ရင်ပြင်တော် အရှေ့ဘက်မုခ်ဦးရှိ ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ခြင်း၊ (ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇဝင်းများ ခြံရံလိုက်ပါပူဇော်ရန်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် သီကျူးတီးခတ်ပူဇော်ရန်) **(၁၆-မိနစ်)**

ဒုတိယပိုင်းကြာမြင့်ချိန် စုစုပေါင်း (၁၇-မိနစ်)

တတိယဝိုင်း

(အရှေ့ဘက်မုခ်ဦးမှ တောင်ဘက်မုခ်သတ်မှတ်နေရာသို့ ပင့်ဆောင်ခြင်း)

၁။ ပုဒ္မပြတ်စွယ်တော်အား ဥပပါတသန္ဓိစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ တောင်ဘက်မုခ်ပရိဝုဏ်တော်၏ သတ်မှတ်နေရာအထိ အောင်အိုးကိုင်၊ သာသနာ့အလံကိုင် ဥပါသကများဦးဆောင်၍ ဆင်ဖြူတော်နန္ဒဝတီဖြင့် ဥပပါတသန္ဓိစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပြီး ပြန်လည်ပင့်ဆောင်ပူဇော်ခြင်း၊ (၃၄-မိနစ်)

၂။ ပုဒ္မပြတ်စွယ်တော်အား ပင့်ဆောင်ရေးယာဉ်တန်း အရှေ့ဘက်မုခ်ဦးမှ စတင်ထွက်ခွာသည့်အခါ ပရိသတ်များ အားလုံးက ဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပို့ လက်မှားကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ခြင်း၊ (၁-မိနစ်)

၃။ ပုဒ္မပြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပပါတသန္ဓိစေတီတော်မှ နေပြည်တော်လေဆိပ်သို့ အစီအစဉ်အတိုင်း ထွက်ခွာခြင်း- (၁၄၀-မိနစ်)

(က) လမ်းရှင်းဆိုင်ကယ်
(ခ) ဆော်သြရေးယာဉ်
(ဂ) လမ်းပြဆိုင်ကယ်
(ဃ) ယာဉ်ထိန်းရဲယာဉ်
(င) သတင်းရိုက်ကူးရေးယာဉ် (MITV)
(စ) သတင်းရိုက်ကူးရေးယာဉ် (Sky-net)
(ဆ) ညွှန်ချုပ်ယာဉ် (သထပ)
(ဇ) စည်တော်ယာဉ်
(စျ) ဒေဝါဝင်း
(ည) နတ်မင်းကြီးယာဉ် (ကရဝိက်ယာဉ်)
(ဋ) ပုဒ္မပြတ်စွယ်တော်ယာဉ် (ကရဝိက်ယာဉ်)
(ဌ) နတ်မင်းကြီးယာဉ် (ရတနာရထားယာဉ်)
(ဍ) ရာဇာဝင်း
(ဎ) သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
(ဏ) တရုတ်ဆရာတော် Ven - Shi Chang Zang
(တ) တရုတ်ဓမ္မပါလ (၁)အဖွဲ့
(ထ) တရုတ်ဓမ္မပါလ (၂)အဖွဲ့
(ဒ) အရန်ယာဉ်
(ဓ) အရန်ယာဉ်
(န) ဝန်ကြီးဌာနဝတ်အာသင်းများ
(ပ) ဆေးအကာအကွယ်ယာဉ်
(ဖ) မီးသတ်ယာဉ်

တတိယဝိုင်းကြာမြင့်ချိန် စုစုပေါင်း (၁၇၅- မိနစ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ဖတ်ကြားသော အောင်ဆုမင်္ဂလာ အောင်ဩဘာစာတမ်းလွှာ

[၁၃၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၆ -၁၁- ၂၀၁၁) တနင်္လာနေ့]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရာဇမာနီ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်ရှေ့ရပ်၊ ပလ္လင်တော်မြတ်၌ တစ်ဆယ့်ငါးရက်တာ ကာလကြာ၊ ကိန်းဝပ်စံပယ်အပူဇော်ခံတော်မူမည့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်၊ မဟာမင်္ဂလာပွဲ၊ ဆင်နွှဲကြောင်းပြုဇယျတုဖြင့်၊ ယခုပြုရ၊ ကုသလ၏ ဘာဂအဟုန် ဒါနအစုံတို့ကြောင့် ကိုးဂုဏ်ညွတ်တွား သဒ္ဓါအားဖြင့်၊ တရားပျူငှာ၊ များသူငါတို့သည်၊ ပူဇာသဘင် အောင်ဩဘာဖြင့်၊ ခေါင်ထောပနာ အောင်နိမိတ်ခပြီး၊ အောင်ဟိတ်ကြွဆောင်ကာပြုလျက်၊ အောင်မဟာရတု ဤခိုန်ခါတွင်၊ ခေါင်ပတ္ထနာဆုထုံးမတိမ်ရလေအောင် အောင်သာဓု သုံးကြိမ် ခေါ်ဆိုနိုင်ကြပါစေကုန်သော်။

ဦးသူရ
သာသနာရေး
(၂၅-၁၀-၂၀၁၁)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓပြတ်စွယ်တော်ကြီးဆိုပင့်ဆောင်ပွဲအခမ်းအနားတွင် ညွှတ်တသွန်စေတီတော်မှ ကြီးဆိုရန်နှင့် ဗုဒ္ဓဘိသေက အနေကဇာတင်အခမ်းအနားသို့ ကြွရောက်ကြသည်ဖြစ်သည့် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များစာရင်း

နိုင်ငံတော်အကြီးအကဲ

၁။ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်သမ္မတ

၂။ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း ဒုတိယသမ္မတ

၃။ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန် ဒုတိယသမ္မတ

ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

၄။ သူရဦးရွှေမန်းနှင့်ဇနီး ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

၅။ ဦးခင်အောင်မြင့်နှင့် ဇနီး ဥက္ကဋ္ဌ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၆။ ဦးထွန်းထွန်းဦးနှင့်ဇနီး ပြည်ထောင်စုတရားသူကြီးချုပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၇။ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ

၈။ ဦးသိန်းစိုးနှင့်ဇနီး ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၉။ ဦးတင်အေးနှင့်ဇနီး ဥက္ကဋ္ဌ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၁၀။ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ

၁၁။ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ

၁၂။ ဦးမြညိမ်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ

ပြည်ထောင်စုဝန်ကြီးများ

၁။ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်ဇနီး ကာကွယ်ရေးဝန်ကြီးဌာန

၂။ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဇနီး ပြည်ထဲရေးဝန်ကြီးဌာန

၃။ ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ သူရဦးမြင့်မောင်နှင့်ဇနီး သာသနာရေးဝန်ကြီးဌာန

၅။ ဦးသိန်းညွန့်နှင့်ဇနီး သမ္မတရုံးဝန်ကြီးဌာန

၆။ ဦးကျော်ဆန်းနှင့်ဇနီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၇။ ဦးမြင့်လှိုင်နှင့်ဇနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၈။ ဦးစိုးသိန်းနှင့်ဇနီး အမှတ်(၁)နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၉။ ဦးစိုးမောင်နှင့်ဇနီး သမ္မတရုံးဝန်ကြီးဌာန

၁၀။ ဦးအောင်မင်းနှင့်ဇနီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၁၁။ ဦးခင်မောင်မြင့်နှင့်ဇနီး ဆောက်လုပ်ရေးဝန်ကြီးဌာန

၁၂။ ဦးလှထွန်းနှင့်ဇနီး — ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၁၃။ ဦးအောင်ကြည်နှင့်ဇနီး — အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၁၄။ ဦးဉာဏ်ထွန်းနှင့်ဇနီး — ပို့ဆောင်ရေးဝန်ကြီးဌာန

၁၅။ ဦးသိန်းထွန်းနှင့်ဇနီး — ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

၁၆။ ဦးအေးမြင့်နှင့်ဇနီး — သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၇။ ဦးဝင်းထွန်းနှင့်ဇနီး — ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၁၈။ ဒေါက်တာမြအေးနှင့်ဇနီး — ပညာရေးဝန်ကြီးဌာန

တပ်မတော်(ကြည်း၊ ရေ၊ လေ) ညှိနှိုင်းကွပ်ကဲရေးမှူး

၁။ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး — ညှိနှိုင်းကွပ်ကဲရေး (ကြည်း၊ ရေ၊ လေ)

နေပြည်တော်တိုင်းစစ်ဌာနချုပ်

၁။ ဗိုလ်ချုပ်မောင်မောင်အေးနှင့်ဇနီး — တိုင်းမှူး

ဒုတိယဝန်ကြီးများ

၁။ ဗိုလ်မှူးချုပ်ကျော်ဇံမြင့် — ပြည်ထဲရေးဝန်ကြီးဌာန

၂။ ဦးမောင်မြင့် — နိုင်ငံခြားရေးဝန်ကြီးဌာန

၃။ ဒေါက်တာမျိုးမြင့် — နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ ဦးစိုးဝင်း — ပြန်ကြားရေးဝန်ကြီးဌာန

၅။ ဒေါ်စန္ဒာခင် — ယဉ်ကျေးမှုဝန်ကြီးဌာန

၆။ ဒေါက်တာမောင်မောင်ဌေးနှင့်ဇနီး — သာသနာရေးဝန်ကြီးဌာန

၇။ ဦးစိုးတင့် — ဆောက်လုပ်ရေးဝန်ကြီးဌာန

၈။ ဦးဝင်းရှိန် — ပို့ဆောင်ရေးဝန်ကြီးဌာန

၉။ ဦးစိုးအောင် — စွမ်းအင်ဝန်ကြီးဌာန

၁၀။	ဦးအောင်သန်းဦး	အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၁။	ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်	ကျန်းမာရေးဝန်ကြီးဌာန
၁၂။	ဦးသန်းထွန်း	သမဝါယမဝန်ကြီးဌာန
၁၃။	ဦးမြင့်ဇော်	အမှတ် (၁) ဝန်ကြီးဌာန
၁၄။	ဒေါက်တာကံဇော်	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
၁၅။	ဦးကျော်ကျော်ဝင်း	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
၁၆။	ဒေါက်တာပွင့်ဆန်း	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၇။	ဦးဌေးအောင်	ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၁၈။	ဦးအေးမြင့်ကြူ	အားကစားဝန်ကြီးဌာန
၁၉။	ဦးဝင်းသန်း	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

နေပြည်တော်ကောင်စီဝင်များ

၁။	ဦးသန်းဌေး
၂။	ဦးသန်းအောင်
၃။	ဗိုလ်မှူးကြီးမြင့်အောင်သန်း
၄။	ဦးကံချွန်
၅။	ဒေါက်တာပိုင်စိုး
၆။	ဦးစောလှ
၇။	ဦးမြင့်ဆွေ
၈။	ဦးမြင့်ရွှေ
၉။	ဦးမျိုးညွှန့်

ညွန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွန်ကြားရေးမှူးများ (၆-၁၁-၂၀၁၁)

စဉ်	အမည်	ဌာန
၁။	ညွန်ကြားရေးမှူးချုပ်	လွတ်တော်ရုံး
၂။	ညွန်ကြားရေးမှူးချုပ်	ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
၃။	ညွန်ကြားရေးမှူးချုပ်	ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်ရုံး
၄။	ညွန်ကြားရေးမှူးချုပ်	ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၅။	ညွန်ကြားရေးမှူးချုပ် ကာကွယ်ရေးဝန်ကြီးဌာန	ပစ္စည်းဝယ်ယူမှုညွန်ကြားရေးမှူးရုံး၊
၆။	ညွန်ကြားရေးမှူးချုပ်	ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၇။	ညွန်ကြားရေးမှူးချုပ်	တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၈။	ညွန်ကြားရေးမှူးချုပ်	ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၉။	ညွန်ကြားရေးမှူးချုပ်	ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
၁၀။	ညွန်ကြားရေးမှူးချုပ်	ကုန်သွယ်ရေးညွန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၁။	ညွန်ကြားရေးမှူးချုပ်	နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၂။	ဦးဆောင်ညွန်ကြားရေးမှူး	မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၃။	ညွန်ကြားရေးမှူးချုပ်	စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန
၁၄။	ဦးဆောင်ညွန်ကြားရေးမှူး	မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊စွမ်းအင်ဝန်ကြီးဌာန
၁၅။	ဦးဆောင်ညွန်ကြားရေးမှူး	မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
၁၆။	ညွန်ကြားရေးမှူးချုပ်	ဆက်သွယ်ရေးညွန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
၁၇။	အင်ဂျင်နီယာချုပ်	အော်တိုတယ်လီဖုန်း၊ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

၁၈။	ဦးဆောင်ညွှန်ကြားရေးမှူး	ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၉။	ညွှန်ကြားရေးမှူးချုပ်	မြို့ရွာအိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
၂၀။	ညွှန်ကြားရေးမှူးချုပ်	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန
၂၁။	ညွှန်ကြားရေးမှူးချုပ်	စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန
၂၂။	ညွှန်ကြားရေးမှူးချုပ်	ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန
၂၃။	ဦးဆောင်ညွှန်ကြားရေးမှူး	စည်ပင်သာယာရေးဘဏ်လီမိတက်၊ နယ်စပ်ရေးရာဝန်ကြီးဌာန
၂၄။	ညွှန်ကြားရေးမှူးချုပ်	နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၅။	ညွှန်ကြားရေးမှူးချုပ်	အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၆။	ညွှန်ကြားရေးမှူးချုပ်	အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၇။	ညွှန်ကြားရေးမှူးချုပ်	စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၈။	ညွှန်ကြားရေးမှူးချုပ်	ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၂၉။	ညွှန်ကြားရေးမှူးချုပ်	အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
၃၀။	ညွှန်ကြားရေးမှူးချုပ်	အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
၃၁။	ညွှန်ကြားရေးမှူးချုပ်	အမှတ် (၁)၊ အခြေခံပညာဦးစီးဌာန၊ (အောက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
၃၂။	ညွှန်ကြားရေးမှူးချုပ်	အမှတ် (၂)၊ အခြေခံပညာဦးစီးဌာန၊ (အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
၃၃။	ညွှန်ကြားရေးမှူးချုပ်	အမှတ် (၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
၃၄။	ညွှန်ကြားရေးမှူးချုပ်	မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

၃၅။ ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန

၃၆။ ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန

၃၇။ ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၃၈။ ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့်လေဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၃၉။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၄၀။ ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၄၁။ ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၄၂။ ဥက္ကဋ္ဌ နိုင်ငံတော်ပဟိုဘက်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၃။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၄။ ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၅။ ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၄၆။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၇။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၄၈။ ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၉။ ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၅၀။ ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန

၅၁။ ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန

၅၂။	ညွှန်ကြားရေးမှူးချုပ်	ဟားလုပ်ငန်းဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၅၃။	ညွှန်ကြားရေးမှူးချုပ်	ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၅၄။	ညွှန်ကြားရေးမှူးချုပ်	သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၅၅။	ညွှန်ကြားရေးမှူးချုပ်	ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၅၆။	ညွှန်ကြားရေးမှူးချုပ်	ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၅၇။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၅၈။	ညွှန်ကြားရေးမှူးချုပ်	လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၅၉။	ညွှန်ကြားရေးမှူးချုပ်	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၆၀။	ညွှန်ကြားရေးမှူးချုပ်	ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
၆၁။	ညွှန်ကြားရေးမှူးချုပ်	စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
၆၂။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၆၃။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၆၄။	ညွှန်ကြားရေးမှူးချုပ်	ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
၆၅။	ညွှန်ကြားရေးမှူးချုပ်	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၆၆။	ညွှန်ကြားရေးမှူးချုပ်	စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၆၇။ ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၆၈။ ညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၆၉။ ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၇၀။ ညွှန်ကြားရေးမှူးချုပ် သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန

၇၁။ ညွှန်ကြားရေးမှူးချုပ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန

၇၂။ ဦးဆောင်ညွှန်ကြားရေးမှူး သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

၇၃။ ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန

၇၄။ ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန

၇၅။ ညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန

၇၆။ ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၇၇။ ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၇၈။ ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၇၉။ ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၈၀။ ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၃) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၈၁။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၈၂။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၈၃။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
၈၄။	ညွှန်ကြားရေးမှူးချုပ်	အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
၈၅။	ညွှန်ကြားရေးမှူးချုပ်	အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
၈၆။	ဦးဆောင်ညွှန်ကြားရေးမှူး	စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၈၇။	ဦးဆောင်ညွှန်ကြားရေးမှူး	နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၈၈။	ဦးဆောင်ညွှန်ကြားရေးမှူး	ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၈၉။	ဦးဆောင်ညွှန်ကြားရေးမှူး	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၉၀။	ဦးဆောင်ညွှန်ကြားရေးမှူး	စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၉၁။	ဦးဆောင်ညွှန်ကြားရေးမှူး	ဗဟိုစာရင်းအင်းအဖွဲ့၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၉၂။	ဦးဆောင်ညွှန်ကြားရေးမှူး	စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၃။	ဦးဆောင်ညွှန်ကြားရေးမှူး	စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၄။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၅။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၆။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၇။	ဦးဆောင်ညွှန်ကြားရေးမှူး	မြန်မာ့စက္ကူနှင့် ဓာတုပေဒလုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန
၉၈။	ညွှန်ကြားရေးမှူးချုပ်	မြန်မာ့စက်မှုလုပ်ငန်းများ၊ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန

၉၉။ ဦးဆောင်ညွှန်ကြားရေးမှူး — မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန

၁၀၀။ ဦးဆောင်ညွှန်ကြားရေးမှူး — မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန

၁၀၁။ ဦးဆောင်ညွှန်ကြားရေးမှူး — မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန

၁၀၂။ ဦးဆောင်ညွှန်ကြားရေးမှူး — မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန

၁၀၃။ ညွှန်ကြားရေးမှူးချုပ် — ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၀၄။ ညွှန်ကြားရေးမှူးချုပ် — ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၀၅။ ဦးဆောင်ညွှန်ကြားရေးမှူး — ရေအားလျှပ်စစ်မာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၀၆။ ညွှန်ကြားရေးမှူးချုပ် — လျှပ်စစ်စွမ်းအားဦးစီးဌာန၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၀၇။ ညွှန်ကြားရေးမှူးချုပ် — အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန

၁၀၈။ ဥက္ကဋ္ဌ — လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန

၁၀၉။ ညွှန်ကြားရေးမှူးချုပ် — ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန

၁၁၀။ ညွှန်ကြားရေးမှူးချုပ် — အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန

၁၁၁။ ညွှန်ကြားရေးမှူးချုပ် — ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန

၁၁၂။ ညွှန်ကြားရေးမှူးချုပ် — အားကစားနှင့် ကာယပညာဦးစီးဌာန

၁၁၃။ ဒုတိယပါမောက္ခချုပ် (စီမံ) — အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သာသနာရေးဝန်ကြီးဌာန

နေပြည်တော်၊ ဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓဝါဘိသေကအနေကဇာတင်ပူဇော်ပွဲအခမ်းအနားသို့ ပင့်ဆောင်သည့် ဆရာတော်ကြီးများနှင့် စည်းကမ်းထိန်းသိမ်းရေး သံဃာတော် (၃၆) ပါးစာရင်း (၆-၁၁-၂၀၁၁)

စဉ်	ဘွဲ့တော်	ကျောင်းတိုက်	အသက်/ သိက္ခာ	သာသနာ့ တာဝန်	ပင့်ဆောင် ရန် ဌာန
၁	ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)	ဗန်းမော်ကျောင်းတိုက် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး	၈၁/၆၁	မဟာန-ဥက္ကဋ္ဌ	ရန်ကုန်
၂	ဘဒ္ဒန္တကုဏ္ဍဓာန (အဘိဓဇအဂ္ဂမဟာသဒ္ဓမ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)	ဓမ္မိကာရာမ (ကျိုက်ပိ) ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊	၈၀/၆၀	မဟာန-ဒုတိယဥက္ကဋ္ဌ	ရန်ကုန်
၃	ဘဒ္ဒန္တကဝိသာရ (အဘိဓဇမဟာရဋ္ဌဂုရု)	မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပျဉ်းမနားမြို့	၈၃/၆၃	နိုင်/ဩ	ပျဉ်းမနား
၄	ဘဒ္ဒန္တနိမလ (အဂ္ဂမဟာပဏ္ဍိတ)	လယ်ဝန်ကျောင်းတိုက် သထုံမြို့၊ မွန်ပြည်နယ်	၈၁/၆၁	မဟာန-ဒုတိယဥက္ကဋ္ဌ	ရန်ကုန်
၅	ဘဒ္ဒန္တဂုဏကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)	ကံသုံးဆင့်ပရိယတ္တိစာသင် တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၇၀/၅၁	မဟာန-တွဲ/ကျိုး	ရန်ကုန်
၆	ဘဒ္ဒန္တနိမလ (အဂ္ဂမဟာပဏ္ဍိတ)	ကျောက်ထုံးကြီးကျောင်းတိုက် ကသာမြို့၊ စစ်ကိုင်းတိုင်း ဒေသကြီး	၆၆/၄၇	မဟာန-တွဲ/ကျိုး	ရန်ကုန်
၇	ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)	မဟာဝိဇိတာရုံဆင်ဖြူကျွန်း ကျောင်းတိုက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး	၇၇/၅၈	မဟာန-အဖွဲ့ဝင်	ရန်ကုန်
၈	ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)	အင်းသာအရှေ့ကျောင်း လယ်ဝေးမြို့၊ နေပြည်တော်	၇၅/၅၅	မဟာန-အဖွဲ့ဝင်	လယ်ဝေး

စတုတ္ထအကြိမ် ပုဒ္မပြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုပတ်တမ်း

စဉ်	ဘွဲ့တော်	ကျောင်းတိုက်	အသက်/သီကွာ	သာသနာ့တာဝန်	ပင့်ဆောင်ရန် ဌာန
၉	ဘဒ္ဒန္တဇနန္ဒ (အဂ္ဂမဟာပဏ္ဍိတ)	ပေါက်မြောင်ကျောင်းတိုက် လယ်ဝေးမြို့၊ နေပြည်တော်	၇၇/၅၈	ကျောင်းတိုက် ပဓာနနာယက	လယ်ဝေး
၁၀	ဘဒ္ဒန္တအရိယ (မဟာဂန္ထဝါစကပဏ္ဍိတ)	ဘုရားကြီးကျောင်းတိုက် ဖောင်တော်ချက်မစေတီအနီး၊ လယ်ဝေးမြို့၊ နေပြည်တော်	၇၇/၅၈	မြို့./ဩ	လယ်ဝေး
၁၁	ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)	မဂ်လာဇေယျပါဠိ တက္ကသိုလ်ပျဉ်းမနားမြို့.	၆၃/၄၃	မြို့./ဩ	ပျဉ်းမနား
၁၂	ဘဒ္ဒန္တပဉ္ဉာဝ (ဂန္ထဝါစကပဏ္ဍိတ)	မာရ်အောင်ကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်	၆၃/၄၃	မြို့.နယ်/ဥက္ကဋ္ဌ	ပျဉ်းမနား
၁၃	ဘဒ္ဒန္တဣန္ဒာဝုဓ (ဂန္ထဝါစကပဏ္ဍိတ)	မဟာလယ်တီစံကျောင်းတိုက် ပျဉ်းမနားမြို့၊ နေပြည်တော်	၆၂/၄၃	တိုင်းသံဃ့ ဝန်ဆောင်	ပျဉ်းမနား
၁၄	ဘဒ္ဒန္တသုစိတ္တ	ဂိုဏ်းထောက်ကျောင်း လယ်ဝေးမြို့၊ နေပြည်တော်	၆၁/၄၁	မြို့.နယ်-ဥက္ကဋ္ဌ	လယ်ဝေး
၁၅	ဘဒ္ဒန္တဝိစက္ခဏ (ဂန္ထဝါစကပဏ္ဍိတ)	အောင်စည်သာကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်	၅၉/၃၉	နိုင်/ဗဟို	ပျဉ်းမနား
၁၆	ဘဒ္ဒန္တမုနိကုမာရ	သရက်ကုန်းကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်	၅၂/၃၂	မြို့.နယ်-အကျိုးဆောင်	ပျဉ်းမနား
၁၇	ဘဒ္ဒန္တကဝိန္ဒ	ဝိဇိတာရုံစာသင်တိုက် ပြန်ကပြေး၊ ဇမ္ဗူသိရိမြို့၊	၅၁/၃၁	ကျောင်းတိုက် ပဓာနနာယက	ပြန်ကပြေး
၁၈	ဘဒ္ဒန္တတိဿ	အုန်းတော ပရိယတ္တိ စာသင်တိုက်၊ ပျဉ်းမနားမြို့. နေပြည်တော်	၃၄/၃၄	ကျောင်းတိုက်ပဓာန နာယက	ပျဉ်းမနား
၁၉	ဘဒ္ဒန္တတိကွဲန္ဒြိယဝံသ	ရတနာပုံတောရကျောင်း စလော၊ လယ်ဝေးမြို့.	၆၃/၄၃	ကျောင်းတိုက်ပဓာန နာယက	လယ်ဝေး

စဉ်	ဘွဲ့တော်	ကျောင်းတိုက်	အသက်/သိက္ခာ	သာသနာ့တာဝန်	ပင့်ဆောင်ရန် ဌာန
၂၀	ဘဒ္ဒန္တပညာနန္ဒ	ရတနာပုံတောရကျောင်း ဧလာ၊ လယ်ဝေးမြို့	၄၀/၂၁	တိုက်အုပ်	လယ်ဝေး
၂၁	ဘဒ္ဒန္တဝိစာရ	″	၃၆/၁၆	တိုက်ကြပ်	လယ်ဝေး
၂၂	ဘဒ္ဒန္တရေဝတ	″	၃၄/၁၄	″	″
၂၃	ဘဒ္ဒန္တသီရိန္ဒ	″	၃၄/၁၄	″	″
၂၄	ဘဒ္ဒန္တပညာဓိက	″	၃၁/၁၂	စာသင်သား	″
၂၅	ဘဒ္ဒန္တသုဝဏ္ဏ	″	၃၁/၁၁	″	″
၂၆	ဘဒ္ဒန္တကုသလ	″	၃၀/၁၀	″	″
၂၇	ဘဒ္ဒန္တပညာဒီပ	″	၃၀/၁၀	″	″
၂၈	ဘဒ္ဒန္တကုမာရ	သရက်တောကျောင်းတိုက် ဧလာ၊ လယ်ဝေးမြို့	၄၉/၂၉	ကျောင်းတိုက်ပမာန နာယက	″
၂၉	ဘဒ္ဒန္တတေဇောဘာသ	″	၄၈/၂၇	တိုက်အုပ်	″
၃၀	ဘဒ္ဒန္တဓမ္မောဒယ	″	၄၂/၂၂	တိုက်ကြပ်	″
၃၁	ဘဒ္ဒန္တသီလာစာရ	″	၄၂/၂၁	″	″
၃၂	ဘဒ္ဒန္တသုသီကို့တ	″	၄၀/၂၀	″	″
၃၃	ဘဒ္ဒန္တပညာဝံသ	″	၄၀/၂၀	စာသင်သား	″
၃၄	ဘဒ္ဒန္တက္ကန္ဒဝံသ	″	၃၉/၂၀	″	″
၃၅	ဘဒ္ဒန္တနန္ဒိယသာရ	″	၃၉/၂၀	″	″
၃၆	ဘဒ္ဒန္တဉာဏောဘာသ	″	၃၈/၁၈	″	″

ဗုဒ္ဓဖြစ်စဉ်တော်
နေဖြည်တော်ဘို့ အပူကော်ခံခြင်း

နေပြည်တော်သို့ ပင့်ဆောင်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်ကို ရဟန်းရှင်လူပြည်သူအပေါင်း စိတ်ချမ်းမြေ့စွာဖူးမြော်ကြည်ညိုနိုင်ရေးအတွက် နေပြည်တော် ဥပ္ပါတသန္တိစေတီဂန္ဓကုဋ္ဌိလိုဏ်တော်တွင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့အထိ ၁၆ ရက်တိုင် အပူဇော်ခံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌမန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဓန္တကုမာရာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဝတ်အဖွဲ့များ စုံစုံညီညီ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

သီကျူးပူဇော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကွမ်ရှီးစုဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက် မြတ်စွယ်တော်အား ပင့်ဆောင်တော်မူလာသည့် အထူးလေယာဉ်မဆိုက်ရောက်မီ ကြိုတင်ပူဇော်ခြင်း အစီအစဉ်များကို မွန်းလွဲ ၁၂ နာရီခွဲမှစတင်၍ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့်တွဲဖက်၍ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက ဓမ္မတေးများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပူဇော်ကြမည့် နတ်မင်းကြီးများသည် သတ်မှတ်နေရာများ၌ နေရာယူကြပြီး ပရိသတ်များကဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ပင့်ဆောင်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်မည့်နေရာသို့ ကြိုတင်သွားရောက်နေရာယူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဂုဏေသနတို့အား တာဝန်ရှိသူများက သတ်မှတ်နေရာများသို့ ပင့်ဆောင်ကြသည်။

အထူးလေယာဉ် မဆိုက်ရောက်မီပရိသတ်များက ရတနာသုံးပါးဂုဏ်တော်များကိုအာရုံပွားကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်မြင့်မြင့်ကြည်က မင်္ဂလာစည်တော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံနှင့် စွယ်တော်ကြိုးသီချင်းတို့ဖြင့် သီကျူးပူဇော်သည်။ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် မွန်းလွဲ ၁၂ နာရီမိနစ် ၅၀ တွင် သတ်မှတ်နေရာသို့ဆိုက်ရောက်လာရာ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်သည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အားအထူးလေယာဉ်ပေါ်မှ ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြရာ အထူးလေယာဉ် တံခါးဖွင့်သည်နှင့် ပရိသတ်များက နမောတဿသုံးကြိမ်၊ ဣတိပိသော ဘဂဝါအစချီ ဘုရားဂုဏ်တော်ကိုးပါးပါဋိ၊ သွာက္ခာတော ဘဂဝတာဓမ္မော အစချီ တရားဂုဏ်တော်ခြောက်ပါးပါဋိ၊ ဟေတုပစ္စယော အစချီ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဋိ၊ သုပ္ပဋိပန္နော ဘဂဝတောသာဝကသံဃော အစချီ သံဃာ့ဂုဏ်တော်ကိုးပါးပါဋိများကို ရွတ်ဆို၍ ဗုဒ္ဓမြတ်စွယ်တော်အား မြတ်နိုးကော်ရော် ဖူးမြော်ကြိုဆိုပူဇော်ကြသည်။

တောင်းပန်လျှောက်ထား

ထို့နောက် သာသနာရေးဦးစီးဌာနမှ သဒ္ဓမ္မဇောတိကဓဇ ဦးသူရ (ဦးစီးအရာရှိ)က ဗုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော်တွင် ယာယီကိန်းဝပ်စံပယ် အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝန်ချီစက် (High Loader) ဖြင့် မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ရာ ပရိသတ်များက ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါနေသို့ လင်းစေသော်၊ ယနေ့ကြွလာထေရ်ဆရာ ချမ်းသာကိုယ်စိတ်မြဲစေသော်၊ ယနေ့ ကြွလာဆွေသဟာ လိုရာဆန္ဒပြည့်စေသော် ဆုတောင်းလင်္ကာသုံးပုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာ ရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြရာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ကြပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများ တီးခတ်ပူဇော်ကာ ပရိသတ်များက ပုဆစ်တုပ်ထိုင်၍ သာသနာ့အလံများ၊ အောင်သပြေပန်းများဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြသည်။



အနေကဇာတင်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်းဖြစ်သည့် ဆော်ဩရေးယာဉ်၊ မင်္ဂလာစည်တော် အဖွဲ့.ယာဉ်၊ ရတနာရထားယာဉ်တော်၊ တရုတ်ပြည်သူ့.သမ္မတနိုင်ငံမှ ဧည့်သည်တော် အဖွဲ့.ယာဉ်၊ ဝန်ကြီးဌာန ဝတ်အသင်းယာဉ်နှင့်ကျန်းမာရေး စောင့်ရှောက်မှုယာဉ်များသည် နေပြည်တော် လေဆိပ်မှ ဥပဂါတသန္တိစေတီတော်သို့ ယာဉ်တန်း အစီအစဉ်အတိုင်း ထွက်ခွာကြသည်။

ပင့်ဆောင်ပူဇော်

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်းသည် နေပြည်တော်လေဆိပ်မှ ရာဇသင်္ဘာလမ်းအတိုင်း ဟိုတယ်ဇုန်၊ သပြေကုန်းအဝိုင်းနှင့် ကုမုဒြာကြာပန်းအဝိုင်းတို့မှတစ်ဆင့် ရာဇ္ဓာနီလမ်းအတိုင်း ဥပဂါတသန္တိစေတီတော်သို့ ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့က ရိုသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုပူဇော်ကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ပေါ်မှ မင်္ဂလာဝါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်စဉ်။





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်လေဆိပ်သို့ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား
ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါဟာရဉာဏ်တော်ဖြင့် ပင့်ဆောင်ပူဇော်ကြစဉ်။



ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါဟာရဉာဏ်တော်ဖြင့် ပင့်ဆောင်ပူဇော်ကြစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓပြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း ဗဟာမဂ်လာအခမ်းအနားကို
နေပြည်တော်လေဆိပ်၌ ကျင်းပစဉ်။





ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်ကို ပင့်ဆောင်၍ လှည့်လည်ပူဇော်ကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်မင့် ရတနာရထားယာဉ်ကို ဆင်ဖြူတော်နှုတ်ဖြင့် ပင့်ဆောင်၍ လှည့်လည်မှုတော်ကြွစဉ်း





ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်မှ ဥပါတသန္တိစေတီတော်သို့ ပင့်ဆောင်လာရာလမ်းတစ်လျှောက်၌
ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ဂိုသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုပူဇော်ကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်မှ ဥယျာဉ်သို့ဧတီတော်သို့ ပင့်ဆောင်မူတော်လာစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ပင့်ဆောင်ပူဇော်လာစဉ်။





ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက်မှခ်သို့ရောက်ရှိစဉ် နတ်မင်းကြီးများက
ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်ပေါ်သို့ ပင့်ဆောင်ကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝါယာဉ်ဖြင့် ဥယျာဉ်သန္တိစေတီတော်လိုက်အတွင်းသို့ ပင့်ဆောင်လာစဉ်။



ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် လိုဏ်အတွင်းသို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်လနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ဖူးမြော် ကြည်ညိုပူဇော်ကြသည်။

ဖူးမြော်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်လနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်လနီး ဒေါ်နန်းရွှေမုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်လနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စု ရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏လနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစွတာလီကျွင်းဟွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်တော်မူလာသည့် ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော်သို့ မရောက်ရှိမီ မွန်းလွဲ ၂ နာရီမှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပူဇော်ကြမည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် သတ်မှတ်နေရာများ၌ ကြိုတင်နေရာယူ ပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော် အဝင်မုခ်ဦးသို့ ရောက်ရှိသောအခါ ပရိသတ်များက ဒိသာဖရဏာ အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်များကို

သံပြိုင်ညီညာ ရွတ်ဆိုပွား များပူဇော်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပပါတသန္တိစေတီ တော်မြတ်ကြီး၏တောင်ဘက် သာသနာ့မဟာဗိမာန်တော် မုခ်ဦးထိပ်သို့ ရောက်ရှိသောအခါ ဗုဒ္ဓမြတ် စွယ်တော်ပင့် ရတနာရထားယာဉ်ကို ဆင်ဖြူတော်နန္ဒဝတီဖြင့်ပင့်ဆောင်၍ ဥပပါတသန္တိ စေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ကြသည်။

ခြံရံလိုက်ပါ

ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါ ပူဇော်ကြပြီးယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ် စေတီတော်အရှေ့ဘက်မုခ်သို့ရောက်ရှိသောအခါ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာ ဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နတ်မင်းကြီး ၁၆ ပါးတို့ကဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ဥပပါတသန္တိစေတီတော်လိုဏ်အတွင်းအရှေ့အရပ်ရှိမဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ အပူဇော်ခံထားရှိသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်း အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ကဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

သီကျူးပူဇော်

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်းအခမ်းအနားကို နမောတသဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်ခိုင်သဇင်သင်းက ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ထူးမခြားနားသီချင်းခံသုံးပုဒ်ကို သီကျူးတီးခတ်ပူဇော်သည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှသဒ္ဓမ္မဇောတိကဓဇဦးသူရ(ဦးစီးအရာရှိ)က ဗုဒ္ဓမြတ်စွယ်တော်အား ဥပပါတသန္တိစေတီတော်တွင် ယာယီကိန်းဝပ်စံပယ်အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဥပါသကာများကသံယာတော်များထံ တံခွန်ကုက္ကားမုလေးပွားများ ဆက်ကပ်ကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအမျှူးပြုသောဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်း တော်မူကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံယာတော်များကဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဟရိတ်တရားနာယူ

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွှတ်ပွားသရဏာယ်တော်မူသော သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ကနိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓပြတ်စွယ်တော် ပို့ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် Ven. Chuan Yin တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနွဲ့တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်း ပဓာန နာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်တို့က နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စေ့းကုန်းကျောင်းတိုက်ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌမွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇာဘိဋ္ဌသိရိန္ဒနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကံသုံးဆင့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဂုဏိကာဘိဝံသနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကိုပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာသနနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပူးပေါင်းပူဇော်

ဆက်လက်၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမုန်တို့က နိုင်ငံတော်ဩဝါဒိစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့်တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌမွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသိရိန္ဒနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုရွှေကောက်ပဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ရန်ကုန်တိုင်းဒေသကြီး မဂ်လာဒုံမြို့နယ်ကံသုံးဆင့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဂုဏိကာဘိဝံသနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားမှူး ဦးသူရက အောင်ဆုမဂ်လာ၊ အောင်ဩဘာစာတမ်းလွှာကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်း ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာသနထံမှ ပရိသတ်များကအနုမောဒနာ တရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေး ဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမဂ်လာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



နိုင်ငံတော်သံယာမဟာနာယက ဆရာတော်များ အမှူးပြုသော ဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား
ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။





နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ အမျိုးပြုသော ဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား
ဗုဒ္ဓါဘိသေက အနေကဇာတင်၌ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။





နိုင်ငံတော်သံယမဟာနာယက ဆရာတော်များ အမှုဧပြုသော ဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား
ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဝဏ်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော်ထံမှ
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှုဆောင်ပြုသော ဟိုသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နှံ့သာ
ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြစဉ်။



နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဝန်းဖော်ကျောင်းတိုက် ပဓာန နာယကဆရာတော်နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်
ပို့ဆောင်ရေးဥက္ကဋ္ဌဆရာတော် Ven. Chuan Yin တို့ထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်သံယ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်း
ပဓာန နာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘန္တန္တဂုဏောသနနှင့် တရုတ်ဆရာတော်တို့ထံ ဒုတိယသမ္မတ
သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗုဒ္ဓဖြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နှံသာ
ပူဇော်ဖွယ်ရာတို့ ဖြင့် ကပ်လှူပူဇော်ကြစဉ်။





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓဘုရားတော်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဂုဏ်ပြုကြည်ညိုမှုတော်ကြွစဉ်



ဒုတိယသမ္မတ သီဟသူရတင်အောင်မြင့်မှ ဗုဒ္ဓဘုရားတော်အား ဂုဏ်ပြုကြည်ညိုမှုတော်စဉ်



နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုကာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် တရုတ်ဆရာတော်တို့ထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းဖောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်ဩဝါဒါစရိယအား ရွှေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်သန်း ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ကြည်ညိုပူဇော်စဉ်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ကြည်ညိုပူဇော်စဉ်း

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် မိသားစု လာရောက်ဖူးမြော်ကြည်ညို



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းဇနီး ဒေါ်ခင်လေးသက်နှင့် မိသားစုတို့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ဥပဟိတသန္တိစေတီတော်အတွင်း ယာယီသီတင်းသုံး စံပယ် အပူဇော် ခံလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗုဒ္ဓမြတ်စွယ်တော်အား ပန်းဆက်ကပ် လှူဒါန်းပြီး ဇနီး ဒေါ်ခင်လေးသက်နှင့် မိသားစုတို့နှင့်အတူ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် စေတီတော်လိုဏ်အတွင်း လှည့်လည်ကြည်ညိုကာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ဥပဟိတသန္တိစေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဗုဒ္ဓပြတ်စွယ်တော်အား ပူးပေါ်ကြည်ညိုကြစဉ်။





နိုင်ငံတော် သံယမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒနင့် တရတ်ဆရာတော်တို့ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဂိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လူမှုဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လူဒါန်းကြစဉ်။



ပြည်ထောင်စုဝန်ကြီးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဒေး ဗုဒ္ဓမြတ်စွယ်တော်အား ပူးပေါင်းကြည်ညိုပူဇော်စဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဟင်ဆောင်လာသော ဗုဒ္ဓဘုရားရှင်၏အထက်လက်ဝဲဘက် မြတ်စွယ်တော်အား ဖူးတွေ့ရစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ဥပုါတသန္တိစေတီတော်လိုက်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း
ရပ်ပွားတော်မြတ်ရှေ့၌ အမှုဇော်ခံထားရှိစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ဥယျါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ အပူဇော်ခံထားရှိစဉ်။



ဗုဒ္ဓစွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကား



မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်ပြည်သူများ ဖူးမြော်ကြည်ညိုစေရန် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည်။

မြတ်စွယ်တော်ဖူးလာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအား အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့ရှိ ဓာတ်လှေကား တို့ဖြင့်

လွယ်ကူစွာ တက်ရောက် ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသကဲ့သို့ လူမှုရေးအသင်းအဖွဲ့ဝင်များ ကလည်း သက်ကြီးရွယ်အို များနှင့် လမ်းမလျှောက်နိုင်သူတို့အား ဘီးတပ်ကုလားထိုင် (Wheel Chair) တို့ဖြင့် လည်းကောင်း၊ ဖေးမတွဲကူ၍လည်းကောင်း ပုဒ္ဒမြတ်စွယ်တော်ဖူးမြော်နိုင်ရေး ကူညီဆောင်ရွက်ပေး လျက်ရှိသည်။

ပုဒ္ဒမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ စိတ်ကြည်နူးစွာ အားပါးတရ အနီးကပ်ကြည်ညို ဖူးမြော်နိုင်ရေးအတွက် စေတီတော်လိုဏ်အတွင်း လျှောက်လမ်းသုံးလမ်းဖြင့် စနစ်တကျစီစဉ် ဆောင်ရွက်ပေးထားပြီး ဘာဝနာပွားများ အားထုတ်လိုသူများအတွက်လည်း နေရာထိုင်ခင်း ခင်းကျင်း ဆောင်ရွက်ပေးထားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဓမ္မပူဇာတေးများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနဝတ်အသင်းများ၊ နေပြည်တော်တပ်နယ်အတွင်းရှိ ဝတ်အသင်း များနှင့်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့် လည်းကောင်း ပုဒ္ဒမြတ်စွယ်တော်အား ပူဇော်ကြသည်။

ထို့အပြင် မြတ်စွယ်တော်ဖူးလာရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရေးအတွက် စေတီတော် တောင်ဘက်မုခ်နှင့် စေတီတော်ရင်ပြင်အရှေ့ဘက်မုခ်တို့၌ အလှူခံဌာနများဖွင့်လှစ် အလှူခံလျက်ရှိရာ ငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၂၄ ဦးတို့ လာရောက်လှူဒါန်းကြပြီး ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး ဗိုလ်ချုပ်လှမြင့်နှင့် ဇနီးဒေါ်စမ်းစမ်းအေး မိသားစုတို့ကခန့်မှန်းငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းနှင့် စိန်ပါရွှေဆွဲသီးတစ်ခု၊ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် အလှူတော်ငွေ ကျပ်တစ်သိန်းတို့ကိုလာရောက်လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလင်းအောင်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နိုဝင်ဘာ ၇ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၁၆၇၉၄၄၀၀၊ အမေရိကန်ဒေါ်လာ ၂၀၇ ဒေါ်လာ၊ ရာမင်ဘီ ၂၃ ယွမ်၊ ထိုင်းဘတ် ၁၀၀၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၅၆၀၀၊ စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိငွေပန်းအိုးနှစ်လုံးနှင့် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ Non Jade ပုဒ္ဒရုပ်ပွားဆင်းတုတော်တစ်ဆူတို့ဖြစ်သည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများလာရောက်ဖူးမြော်ကြစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။





ဒုတိယ့ကြားနယ်ထယာလ ဆိပ်ငြေါ် အနယာဇာစ်ပုဂြိုဇ်ပ် ဦးလလွဆောဉ်ဂ ဒုယ္ဒိစီပ်ထစ ဂ်ဒုဒ္ဓဃဂီလ ဒ်ငြေါ်ပုစ်ထ





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတော့ထွေအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ဖဲ့ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။



ဥပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကား ဓမ္မပူဇာတေးများ၊ ဝတ်အသင်းများ၏ ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့် ရွတ်ဆိုပူဇော် အလှူခံပုံးများနှင့် အလှူခံမဏ္ဍပ်များသို့ အလှူတော်ငွေများနှင့် ရွှေငွေကျောက်မျက်ရတနာများ လာရောက်လှူဒါန်း

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်ဥပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိဥပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ သက်သောင့်သက်သာစွာလာရောက်ဖူးမြော်နိုင်ရေးအတွက် ရာဇဌာနီလမ်း တောင်ဘက်မုခ်ဦးယာဉ်ရပ်နားကွင်းမှ ဥပါတသန္တိကုန်းတော်ခြေရင်းအထိ ပို့ဆောင်ရေး ဆပ်ကော်မတီက မော်တော်ယာဉ်ကြီးများဖြင့် အခမဲ့ကုသိုလ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ဘုရားဖူးလာပြည်သူများ အမောပြေလန်းဆန်းစေရန်အတွက်လည်း KTM သောက်ရေသန့်ကုမ္ပဏီက ရေသန့်ဘူးကြီးများဖြင့်နေ့စဉ် ကုသိုလ်ယူလှူဒါန်းလျက်ရှိသည်။

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဓမ္မပူဇာတေးများဖြင့် လည်းကောင်း၊ ဝန်ကြီးဌာန ဝတ်အသင်းများ၊ နေပြည်တော်တပ်နယ် အတွင်းရှိဝတ်အသင်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝတ်အသင်းများကလည်း ဗုဒ္ဓမြတ်စွယ်တော်အားဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့်လည်းကောင်း အလှည့်ကျသီကျူး ရွတ်ဆိုပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြရာတွင် အလှူတော်ငွေနှင့်ရွှေငွေ လက်ဝတ်ရတနာ ပစ္စည်းများထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် စေတီတော် တောင်ဘက်မုခ်နှင့် စေတီတော်ရင်ပြင်အရှေ့ဘက် မုခ်တို့၌ အလှူခံပုံးများနှင့် အလှူခံမဏ္ဍပ်များ ဖွင့်လှစ်ထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် ဥပဓါတသန့်ရှင်း စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပရာအလှူရှင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်လှမြင့်၊ ဇနီး ဒေါ်ဆွေဆွေမိသားစု၊ မောင်မောင်လေးနှင့် ညီများ (ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းမှီးစုံအရောင်းပြခန်း)၊ နမ်ခမ်းမြို့ ဒကွိဏာရုံကျောင်း ပရဟိတနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒာစရိယ၊ ဦးမိုးဇော်-ဒေါ်သီတာဝင်း မိသားစုနှင့် ဦးလှထွန်း-ဒေါ်မိုးယုယုလှိုင်တို့က ငွေကျပ်တစ်သိန်းစီ၊ ပဒိုင်းအမှီးသား အဖွဲ့ချုပ်နာယကဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များကငွေကျပ် ၆၀၁၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၊ ဦးမြရှိန်- ဒေါ်စမ်းနွယ်မိသားစုနှင့် ဦးအောင်မြ-ဒေါ်ညွှန့်ညွှန့်ဝေ၊ သား-အောင်ခန့်မော်တို့က ငွေကျပ် ၁၂၀၀၀၀ စီ၊ ဦးသိန်းဟုတ်-ဒေါ်အေးအေးဝင်း လရောင်ချိမိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း-ဒေါ်ထွေးထွေးညွှန့် မိသားစု၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး-ဒေါ်ခင်မြဦး၊ သမီးမဆုသစ်ထူး၊ မမေသကြွန်ဦး မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်-ဒေါ်ချယ်ရီ၊ သမီး မဆုမြတ်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်-ဒေါ်ကြင်မြိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းတို့ကငွေကျပ် တစ်သိန်းစီ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး-ဒေါ်ခင်သန်းဌေးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်-ဒေါ်ဆွေဆွေဦးတို့က ငွေကျပ် ၁၀၅၀၀၀စီ၊ ကွယ်လွန်သူ ဦးလှမောင်အား ရည်စူး၍ ဒေါ်အေးကြည်မိသားစုနှင့် မရွှေစင်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းသန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အတူ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင် ရောက်ရှိတော်မူသည့် ယမန်နေ့ ညနေပိုင်းတွင်လည်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်း-ဒေါ်မြမြဝင်း မိသားစုက ငွေကျပ် ၁၈၀၀၀၀ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း-ဒေါ်ရီရီဝင်း မိသားစုက ငွေကျပ် ၃၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၁၀၅၈၁၇၈၇ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် ရွှေငွေ ကျောက်မျက် ရတနာမျိုးစုံ ၂၆ ခု၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၂၃၅၉၀၀ ဖြစ်ကြောင်း သိရှိရသည်။



အလှူခံပုံးများနှင့် အလှူခံမတ္တပ်များသို့ အလှူတော်ငွေနှင့် ရွှေ၊ ငွေကျောက်မျက်ရတနာများ ထည့်ဝင်လှူဒါန်းကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား အလှူငွေများ ပေးအပ်လှူဒါန်းနေစဉ်။



ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူများမှ ရွှေ၊ ငွေ ကျောက်မျက်ရတနာများ လှူဒါန်းနေစဉ်။



အလှူခံဌာနများသို့ အလှူတော်ငွေနှင့် ရွှေ၊ ငွေ လက်ဝတ်ရတနာပစ္စည်းများ ထည့်ဝင်လှူဒါန်းကြစဉ်။









။ငွေဖြေးနှုန်းလဲလှဲလာ ကိုးလိုဂိုးအဖွဲ့ဝင်တိုး ဒီဘ ဒုံနီဘိုးမြေးမြေးမြေး ဦးကိုနိုင်ရန်းလေး





အလုပ်ခွင် (ဒန်ဗြူသင်တန်း)





အလှူခံဌာနသို့ အလှူတော်ငွေနှင့် ဆွေ ငွေ လက်ဝတ်ရတနာပစ္စည်းများ ထည့်ဝင်လှူဒါန်းကြစဉ်။





အလှူခံဌာနသို့ လာရောက်လှူဒါန်းသည့် ရွှေ၊ ငွေလက်ဝတ်ရတနာပစ္စည်းများ (နေပြည်တော်)





အလှူခံဌာန (နေပြည်တော်)





အလှူခံဌာနများသို့ အလှူတော်ငွေနှင့် ရွှေ ငွေ လက်ဝတ်ရတနာပစ္စည်းများ ထည့်ဝင်လှူဒါန်းကြစဉ်။



နိုင်ငံရပ်ခြား တိုင်းပြည်များမှ ဧည့်သည်များပါ လာရောက်ကြည်ညို

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်ဥပုသ်တိတ်စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ နိုဝင်ဘာလ ၂ ရက်နေ့ စတုတ္ထနေ့တွင် နံနက်ပိုင်းမှညပိုင်းအထိ ဥပုသ်တိတ်စေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အို့များနှင့် လမ်းမလျှောက်နိုင်သူများအား အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားဖြင့် လွယ်ကူစွာတက်ရောက်ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများသာမက ဂျာမနီ၊ ဂျပန်စသည့် နိုင်ငံရပ်ခြားတိုင်းပြည်များမှ ဧည့်သည်များပါ ဗုဒ္ဓမြတ်စွယ်တော်အားလာရောက်ကြည်ညိုကြသည်ကို တွေ့မြင်ရသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရေးအတွက် အလှူခံဌာနများဖွင့်လှစ်အလှူခံ လျက်ရှိရာ ငွေကျပ်တစ်သိန်းနှင့်တစ်သိန်းအထက် အလှူရှင် ၁၄ ဦးနှင့် ရွှေငွေကျောက်မျက်ရတနာ မျိုးစုံအလှူရှင် ၂၂ ဦးတို့လာရောက် လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းကြရာတွင် နေပြည်တော်တပ်ကုန်းမြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးမျိုးမြင့်အောင်၊ ဇနီးဒေါ်ခိုင်စုယဉ်နှင့် သား-မောင်ရဲရင့်အောင် မိသားစုကစုစုပေါင်း ခန့်မှန်းငွေကျပ် ၃၁၂၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်းနှင့် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နေ ဦးအေးကျော် - ဒေါ်မြင့်မြင့်သန်းမိသားစုက ခန့်မှန်း ငွေကျပ် ၂၉၅၂၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း တို့ကိုလာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီမှ တာဝန်ရှိသူ တစ်ဦးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

နိုဝင်ဘာ ၈ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့လာရောက် လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၁၈၄၀၆၅၁၁၀ကျပ်၊ အမေရိကန်ဒေါ်လာ ၃၉ ဒေါ်လာ၊ ထိုင်းဘတ် ၅၀၀၊ ပီဆို ၅၀၀၊ အင်ဒိုနီးရှား ရူပီးယား ၁၀၀၀၀၀ နှင့်ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၄၇ ခု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၄၅၀၀ တို့ဖြစ်သည်။

မြတ်စွယ်တော်အား အနီးကပ်ဖူးမြော်ကြည်ညို နိုင်ရန်ပရိဂျက်တာ TV များဖြင့်ပူဇော်ပြသထား

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ ပဉ္စမနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ မြတ်စွယ်တော်အား ကြည်နူးချမ်းမြေ့စွာ အနီးကပ်ဖူးမြော် ကြည်ညိုနိုင်ရေးအတွက်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကကင်မရာဖြင့်ရိုက်ကူးပြီး ပရိဂျက်တာများ၊ TV များဖြင့် စေတီတော်လိုဏ်အတွင်း ကုသိုလ်ယူပူဇော်ပြသထားသည်။

ထို့အပြင် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဗုဒ္ဓမြတ်စွယ်တော်အား စွယ်တော်လေးဆူမြတ်ပူဇော်ဂါထာတို့ဖြင့် ရွတ်ဆိုပူဇော်နိုင်ရေးအတွက် စွယ်တော်ရှိခိုးစာအုပ်များ၊ မြတ်စွယ်တော်ပုံတော်များနှင့် ဘာသာရေးဆိုင်ရာစာအုပ်များကို ဥပ္ပါတသန္တိကုန်းတော်တောင်ခြေ၌ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးလျက် ရှိသည်။

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်နှင့်အညီ မြတ်စွယ်တော်ဖူးလာပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြရာ နေပြည်တော်ကောင်စီမှစီစဉ်သည့်ကုသိုလ်ဖြစ် ဘုရားဖူးမော်တော်ယာဉ်များကလည်း ကုသိုလ်ယူပို့ဆောင်ပေးသည်။

မြတ်စွယ်တော်ဖူးလာပြည်သူများ သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ်ထားရှိရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်-ဒေါ်ခင်မာလွင် မိသားစုက ငွေကျပ် သုံးသိန်း၊ မန္တလေးမြို့ ရတီမင်းပိုးထည်တိုက်မှ ဦးညီညီလှိုင်-ဒေါ်ခင်မိုးမြတ် မိသားစုက ငွေကျပ်ငါးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တ ဝိလာသ ဦးဆောင်သော ကမ္ဘောဒီးယားနိုင်ငံ ဘုရားဖူးအဖွဲ့က အလှူတော်ငွေကျပ် ၁၃၅၂၀၀၊ အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာ၊ ဗီယက်နမ် ဒေါင် ၁၀၀၀၊ ကမ္ဘောဒီးယား ရီယယ် ၂၀၀၀ နှင့် ထိုင်းဘတ် ၂၀ အပါအဝင် စုစုပေါင်း ငွေကျပ်တစ်သိန်းနှင့်တစ်သိန်း အထက် အလှူရှင် ၆၄ ဦးနှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံအလှူရှင် ၉၂ ဦးတို့ လာရောက်လှူဒါန်းကြပြီး ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၉ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၃၄၆၉၃၇၀၊ အမေရိကန်ဒေါ်လာ ၇၉၄ ဒေါ်လာ၊ ရာမင်ဘီ ၈၂၀ ယွမ်၊ ထိုင်းဘတ် ၄၀၊ ဗီယက်နမ် ဒေါင် ၁၀၀၀၊ ကမ္ဘောဒီးယား ရီယယ် ၂၀၀၀၊ မလေးရှားရင်းဂစ် ၃၂၀၊ အိန္ဒိယရူပီး ၁၀ FEC နှစ်ယူနစ်နှင့် ရွှေ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံ ၁၁၈ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၉၄၆၀ တို့ ဖြစ်သည်။

ဗုဒ္ဓစွယ်တော် သီတင်းသုံးစံပယ်အပူဇော်ခံ သတ္တမနေ့ ဥပုဿတန့် စေတီတော်တွင် မြတ်စွယ်တော်ဖူးလာ ပြည်သူများစည်ကား

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပုဿတန့်စေတီတော် လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့သတ္တမနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပုဿတန့် စေတီတော်၌ ဘုရားဖူးလာ ရဟန်း ရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုကဲ့သို့ ဖူးမြော်ကြရာတွင် နေပြည်တော်ပျဉ်းမနား ဘိုးဘွားရိပ်သာမှ အဘိုးဂဉီးနှင့် အဘွား ၁၇ ဦးတို့သည်လည်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့နာယက ဒေါက်တာ ဒေါ်ကျော့သာစိန်နှင့် တာဝန်ရှိ သူများလိုက်ပါလျက် နံနက်ပိုင်းတွင် မြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူတော်ငွေများ ထည့်ဝင် လှူဒါန်းကြသည်။

မြတ်စွယ်တော်ဖူးလာပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရန်အတွက် အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ အလှူရှင်များဖြစ်ကြသည့် အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဦးဆောင်တော်မူသည့် ဘုရားဖူးအဖွဲ့ဝင်များက ငွေကျပ်လေးသိန်း၊ ထိုင်းဘတ် ၈၀ နှင့် အိန္ဒိယရူပီး ၂၀၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်-ဒေါ်ချိုချိုဝင်း မိသားစုက ငွေကျပ်သုံးသိန်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဦးစံရွှေအောင် ဒေါ်အေးအေးသန်းမိသားစုက ငွေကျပ်နှစ်သိန်း၊ အရာခံဗိုလ်စိန်ဝင်း-ဒေါ်စိန်စိန်အေး သားသမီးမြေးမိသားစုက စုစုပေါင်းခန့်မှန်းငွေကျပ် ၇၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားတစ်ခုနှင့်ရွှေဆွဲကြိုးတစ်ကုံး၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ နေပြည်တော်နေ ဗိုလ်ကြီးနိုင်ဇော်ဦး (အငြိမ်းစား)နှင့် မောင်နှမများက ခန့်မှန်းငွေကျပ်ငါးသိန်းတန်ဖိုးရှိ နဝရတ်ကိုးပါးရွှေလက်စွပ်တစ်ကွင်း၊ ပျဉ်းမနားမြို့နေ ဦးဝမ်စို-(ဒေါ်လင့်ငါ) ရွှေဝါမိသားစုဆန်ဆိုင်က စုစုပေါင်း ခန့်မှန်းငွေကျပ် ၃၄၉၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်းနှင့် ရွှေနားကပ်တစ်ရန်၊ နေပြည်တော်နေ ဗိုလ်မှူးချုပ် အောင်မျိုးမင်း(အငြိမ်းစား)-ဒေါ်သဇင်နွယ်တို့က စုစုပေါင်း ခန့်မှန်းငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်းနှင့် ဇမ္ဗူသီရိမြို့နေ ဒေါ်ခင်အေးမိသားစု (လက်ပံခါးလှ) ကခန့်မှန်းငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း အပါအဝင် စုစုပေါင်းငွေကျပ်တစ်သိန်းနှင့်တစ်သိန်းအထက် အလှူရှင် ၁၈ ဦးနှင့် ရွှေ၊ ငွေ ကျောက်မျက်ရတနာမျိုးစုံ အလှူရှင် ၇၆ ဦးတို့ လာရောက်လှူဒါန်းကြပြီး ဘဏ္ဍာရေးဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင်လည်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်ငါးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုးမိသားစုက ငွေကျပ်နှစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းမှယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၃၀၆၈၂၁၈၆ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀၊ ရီမင်ဘီ ၁၁၂ ထိုင်းဘတ် ၁၁၅၉၊ အိန္ဒိယရူပီး ၂၀၊ ဗီယက်နမ်ဒေါင် ၅၄၀၀၀ နှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံ အခု ၉၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉၆၅၀၀၀ တို့ ဖြစ်သည်။

ဗုဒ္ဓစွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ စည်းကားလျက်ရှိ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ဇနီးတို့ လာရောက်ဖူးမြော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့်ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့ (၁၂) ရက်မြောက်နေ့တွင်နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဇနီးဒေါ်မြင့်မြင့်သိန်းနှင့် မိသားစုတို့သည် ညနေ ၆ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြသည်။

ယင်းနောက် အလှူခံဌာန၌ ဗုဒ္ဓမြတ်စွယ်တော်အတွက်အလှူတော်ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ အဆက်မပြတ် နေ့စဉ် လာရောက် ဖူးမြော်ကြသကဲ့သို့အလှူခံဌာနများ၌လည်း သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့မှ ဆရာတော် သံဃာတော်များဦးဆောင်သော ဘုရားဖူးအဖွဲ့နှင့် ဗီယက်နမ်နိုင်ငံမှ သံဃာတော် Le Thanh Nhan နှင့် သီလရှင် Le Thi Ngoc Hiep တို့ ဦးဆောင်သော ဗီယက်နမ် ဘုရားဖူးအဖွဲ့သည် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရန် ဖွင့်လှစ်အလှူခံလျက်ရှိသည့် အလှူခံဌာနများသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မိသားစုက ငွေကျပ် ၄၆၀၀၀၀၊ မိခင်ကြီး ဒေါ်လှအားအမှူးထား၍ ဦးသိန်းဆွေ-ဒေါ်ခင်မာဦး မိသားစုကငွေကျပ် လေးသိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့မှ ဘုရားဖူးအဖွဲ့က ငွေကျပ် ၂၈၅၀၀၀၊ ဗီယက်နမ်နိုင်ငံမှ ဘုရားဖူးအဖွဲ့က အမေရိကန်ဒေါ်လာ ၂၅၀၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆွမ်းဆက်ကပ်လှူဒါန်းရေးအဖွဲ့က ငွေကျပ် ၂၃၀၅၀၀၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးကျော်သူ၊ ဇနီး ဒေါ်လဲ့လဲ့ကြည်မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ် မိသားစု၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဝိုလ်မှူးကြီးအောင်ငြိမ်း (အငြိမ်းစား)-

ဒေါ်စန်းစန်းလွင်မိသားစု၊ နှစ်ဖက်မိဘများအားအမျှဝေထား၍ မောင်မြတ်မင်း-မဖူးပွင့်သွယ် မိသားစုနှင့် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်-ဒေါ်ခင်ခင်ဌေး မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း-ဒေါ်သီတာလွင် မိသားစုက ငွေကျပ် သုံးသိန်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထွန်း-ဒေါ်သင်းသင်းအောင် ခလရ(၁၂၂) မိသားစုနှင့် လွှဲကြီးကျေးရွာ မိသားစုတို့က ငွေကျပ် ၂၃၀၀၀၀၊ သမီး (အိရွှေစင်)အားရည်စူး၍ ဥတ္တရ သီရိမြို့နယ်နေ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ် မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၇၂၂၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်းနှင့် ရွှေနားကပ်နှစ်ရန်၊ နေပြည်တော် ရွှေလဝိုင်းကုမ္ပဏီမှ ဦးမျိုးဝင်း-ဒေါ်နုနုသားသမီးမြေးမြစ်တစ်စုက ခန့်မှန်းငွေကျပ် ၄၀၂၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ (ဦးစိုးလွင်) အား ရည်စူး၍ဇေယျာသီရိမြို့နယ် ပြည်စံအောင်ကျေးရွာမှ ဒေါ်မြင့်မြင့်မိသားစုကစုစုပေါင်း ခန့်မှန်းငွေကျပ် ၂၃၃၅၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်း၊ ပုလဲနှစ်ပွင့်နှင့် ရောင်စုံကျောက် (၁၁) ပွင့်၊ ခရေအိမ်ရာတိုက်(၁၄၇)နေ ဒေါက်တာကျော်စိုး-ဒေါ်ဆန်းဆန်း မိသားစုကစုစုပေါင်း ခန့်မှန်းငွေကျပ် ၂၀၈၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့်ကျောက်စိမ်း လုံးချော ၄ ပွင့် အပါအဝင် စုစုပေါင်းငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၆၆ ဦးနှင့် ရွှေငွေလက်ဝတ် ရတနာမျိုးစုံ အလှူရှင် ၆၆ ဦးတို့က လာရောက် လှူဒါန်းကြရာဘဏ္ဍာရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင်လည်း ဦးဌေးဦး-ဒေါ်နီနီဝင်း မိသားစုနှင့် ဦးရဲထွန်းဝင်း-ဒေါ်နီလာလင်း မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ငွေကျပ် ၃၃၅၆၀၀၊ တောင်ကြီးမြို့နေ ဦးရွှေ-ဒေါ်မြ မိသားစုက ငွေကျပ်နှစ်သိန်း၊ ညောင်ရွှေမြို့ကန်ကြီး ပရိယတ္တိစာသင်တိုက် သီရိဇေယျာသီလရှင်စာသင်တိုက်မှ ဘုရားဖူးအဖွဲ့က ငွေကျပ် ၁၀၅၅၀၀ နှင့် ဗိုလ်ချုပ်စောလှ (အငြိမ်းစား)နှင့်ဇနီး ဒေါ်ချိုချိုမော် မိသားစုတို့က ငွေကျပ် ၁၀၈၀၀၀၊ ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမင်းကြည်ဒေါ်ရင်ကြည် တို့အားရည်စူး၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဇနီး ဒေါ်ရီရီဝင်း မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် စိန် ၁၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ဝင်းကြည်မြင့် မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ်ငါးသိန်းတန်ဖိုးရှိ ပတ္တမြား ၆ ပွင့်ပါ ရွှေကြယ်သီးငါးခုနှင့် သားဖြစ်သူ မောင်အောင်ကောင်းခန့်အား ရည်စူး၍ ဗိုလ်ကြီးတင်မောင်ငြိမ်း-ဒေါ်မြင့်မြင့်စန်း မိသားစုက ခန့်မှန်း ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရွှေနားကပ်တစ်ရန်တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းမှယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက် လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၂၉၄၅၃၅၁၃ ကျပ်၊ အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာ၊ ထိုင်းဘတ် ၆၂ ဖိလစ်ပိုင် ပီဆို ၂၀၊ အိန္ဒိယရူပီး ၂၁၀၀၊ စင်ကာပူဒေါ်လာ ၂၀ နှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ ၁၁၂ ခုခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၅၀၀ တို့ဖြစ်သည်။

ဥပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက် ရှိရာ ယနေ့ ၁၅ ရက်မြောက်နေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ပူဇော်ရန် နေပြည်တော်၌ တစ်ရက်သာကျန်ရှိတော့သည့်အတွက် ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြရာ ပြည်သူများသည် တောင်ဘက်မုခ်ရှိလှေကားမှ လည်းကောင်း၊ ရဟန်းသံဃာတော်များနှင့်သက်ကြီးရွယ်အိုများသည် အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားဖြင့်လည်းကောင်း ဥပါတသန္တိ စေတီတော်ရင်ပြင်သို့စနစ်တကျ တက်ရောက်ကြပြီး လိုဏ်အတွင်းစီစဉ်ထားရှိသည့်လျှောက်လမ်းသုံးလမ်းတို့မှ တန်းစီ ဝင်ရောက်ကာ ဗုဒ္ဓမြတ်စွယ်တော်အား ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုကြသည်။

ထို့အပြင် လိုဏ်အတွင်း ပရိဂျက်တာများ၊ TV များဖြင့် ကုသိုလ်ယူပြသပူဇော်ထားသည့် ဗုဒ္ဓမြတ်စွယ်တော် ပုံတော်ရှေ့၌ တရားဘာဝနာပွားများ အားထုတ်သူများဖြင့်စည်ကားလျက်ရှိသည်။

အလားတူ နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ မင်္ဂလ ဦးဆောင်သော ပဒေသရာဇ်မဟာစကြာအဖွဲ့က ဗုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော် အလှူခံဌာနများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းစုတို့အား အမှူးထား၍ ဝန်ကြီးဌာနမိသားစုက ငွေကျပ် ၁၁ သိန်း၊ ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစု၊ Lin Computer မိသားစု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်း - ဒေါ်ခင်မေလတ်မိသားစု၊ ACE ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးချမ်းသာ-ဒေါ်ခင်မာအေးမိသားစု၊ နှစ်ဖက်မိဘများအား အမှူးထား၍ နေပြည်တော်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာများ ဦးမောင်မောင်သွင်-ဒေါ်စန်းစန်းဦး မိသားစုနှင့်မိခင်ကြီး ဒေါ်မြရီအား အမှူးထားပြီး

(မောင်ထွန်းထွန်း)အား ရည်စူး၍ လယ်ဝေးမြို့ နဂါးမင်းဆိစက်မှ ဦးညွှန့်မောင်၊ ဒေါ်မြင့်မြင့်ဌေးမိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ပိုလ်မှူးကြီးသောင်းတင်-ဒေါ်စီစီတင် မိသားစုက ငွေကျပ် ၂၃၀၀၀၀၊ မကွေးဆေးတက္ကသိုလ်မှ မောင်စိုးလတ်ထွန်းက ငွေကျပ်နှစ်သိန်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေး မိသားစု၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မင်းဘူးမြို့ မန်းဓာတ်အားပေး စက်ရုံဝန်ထမ်းများနှင့် မိသားစု၊ ရန်ကုန်မြို့ ကြယ်ဝင်နန်းတော်စိန်ရွှေရတနာဆိုင်မှ ဦးကိုလတ်-ဒေါ်ကြင်ကြင်၊ ဒုတိယပိုလ်မှူးကြီးမြင့်အောင်(အငြိမ်းစား)-ဒေါ်အေးအေးစန်း မိသားစုနှင့် ဖခင်ကြီး(ဦးကျင်စိန်)၊ သား(မောင်စိန်မြင့်)တို့အားရည်စူး၍ ကချင်ပြည်နယ် ဟိုပင်မြို့နေ ဒေါ်စီချင့် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ရှမ်းပြည်နယ် သာသနာ့ဓဇ အသောကဗုဒ္ဓဝေယျာဝစ္စ အသင်းက ငွေကျပ် ၁၄၀၀၀၀၊ တောင်ငူမြို့နေ ဦးကြည် -ဒေါ်တင်မြင့်မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တမင်္ဂလ ဦးဆောင်သည့် ပအိုဝ်းဓမ္မစကြာအဖွဲ့က ဒုတိယအကြိမ် ငွေကျပ်တစ်သိန်း၊ အမေရိကန် ဒေါ်လာ ၁၀ ဒေါ်လာနှင့် အိန္ဒိယရူပီး ၅၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း-ဒေါ်သန်းသန်းအေး၊ သား-မောင်ဖြိုးဇင်ဝင်း-မမီလျံအေး၊ သမီး-ဒေါက်တာဆောင်းမို့မို့ဝင်း၊ မြေး-ဘုန်းလျံဝင်းတို့က ငွေကျပ် ၁၃၀၀၀၀၊ နှစ်ဖက်မိဘများဖြစ်ကြသည့် (ပိုလ်ကြီးတင်မောင်မြင့်)-ဒေါ်သန်းမြင့်၊ (ဦးကောက်)-ဒေါ်လှရီတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) ဦးလှိုင်မြင့်-ဒေါ်ဌေးဝင်း၊ သား-မောင်ကျော်ဇေယျာမင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ပျဉ်းမနားမြို့ ချင်ချောင်းရတနာ ရွှေဆိုင်မှ ဦးရည်မွန်-ဒေါ်အီလန်း မိသားစုက ခန့်မှန်းငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ရွှေကြာကလပ်ဆွဲပြားတစ်ခု၊ နေပြည်တော်နေ ပိုလ်မှူးကြီးမိုးအောင်-ဒေါက်တာအေးခိုင်ညွှန့် မိသားစုက ခန့်မှန်းငွေကျပ် ၇၂၀၀၀၀ တန်ဖိုးရှိ ရွှေတစ်ကျပ်သား တစ်ပြား၊ အောင်လံမြို့နေ ဦးခွေးလေး-ဒေါ်တင်တင်မိသားစုက စုစုပေါင်းခန့်မှန်း ငွေကျပ် ခြောက်သိန်း တန်ဖိုးရှိ ကျောက်မျက်ပါ ရွှေလက်စွပ် တစ်ကွင်းနှင့် ရွှေလက်ကောက်ပျော့တစ်ခု၊ ရှမ်းပြည်နယ် ဟိုပုန်းမြို့နေ ဒေါ်ကြည်ကြည်ဦး မိသားစုက ခန့်မှန်းငွေကျပ် လေးသိန်း တန်ဖိုးရှိ ကျောက်မျက်မှိုးစုံတစ်ထုပ်၊ နေပြည်တော်နေ ဦးမျိုးဆွေ-ဒေါ်စန်းစန်းအေးတို့က ခန့်မှန်းငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားတစ်ခု အပါအဝင် စုစုပေါင်း ငွေကျပ်တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၈၀ နှင့် ရွှေငွေလက်ဝတ်ရတနာမှိုးစုံ အလှူရှင် ၉၅ ဦးတို့က လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းနှင့်ညပိုင်းတို့တွင်လည်း ဗိုလ်ချုပ်မောင်ဦး(အငြိမ်းစား)-ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး မိသားစုက အမေရိကန်ဒေါ်လာ ၁၂၀၀၊ ဗိုလ်ကြီးစိန်လွင်(အငြိမ်းစား)-ဒေါ်အိအိပြုံး မိသားစုက အမေရိကန်ဒေါ်လာ ၂၂၅ ဒေါ်လာ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနေပြည်တော်ကောင်စိဉ္ဇာဋ္ဌ မြို့တော်ဝန်ဦးသိန်းညွှန့်နှင့် ဇနီးဒေါ်ကျင်ခိုင်မိသားစုနှင့် နေပြည်တော်နေဦးတင်အေးနှင့် တူမ ဒေါ်တင်မြင့်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းရွှေအား ရည်စူး၍ ရွှေညောင်မြို့နေဒေါ်တင်မြမိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ညောင်ရွှေမြို့နေ ဦးပန်းဖြူ-ဒေါက်တာချိုချိုမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်-ဒေါက်တာ ဒေါ်အေးကြည်ညွှန့်မိသားစုက ငွေကျပ်တစ်သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မင်္ဂလ ဦးဆောင်သည့် ပအိုဝ်းဓမ္မစကြာအဖွဲ့က ပထမအကြိမ်ငွေကျပ်တစ်သိန်း၊ အင်ဒိုနီးရှားရှူပီးယား ၁၀၀၀ နှင့် သီရိလင်္ကာ ရူပီး ၂၂၀၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဗိုလ်ကြီး ဇော်မင်းထွန်း-မချောစု မိသားစုက ခန့်မှန်းငွေကျပ် ၃၀၅၀၀၀ တန်ဖိုးရှိ စိန် ၃၇ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ရမည်းသင်းမြို့နေ ဦးတင်အေး-ဒေါ်အမာတင်တို့က စုစုပေါင်းခန့်မှန်းငွေကျပ် ၃၃၈၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ ဒေါ်ခင်သန်းကြည်၊ သမီး-မေသကြိန်မိုးတို့က ခန့်မှန်းငွေကျပ် ၂၀၉၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ မိခင်ဒေါ်မေခင်အား ရည်စူး၍ ဟော်ဘွယ်မြို့ဝါးရင်းတုတ်ကျေးရွာနေ ဦးသောင်းထွန်း-ဒေါ်ငွေးမြင့် မိသားစုက ခန့်မှန်းငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ ချက်ကျောက်ဖြူပါ ရွှေနားကပ်တစ်ရန်၊ မိဘဘိုးဘွားများအားရည်စူး၍ ပျဉ်းမနားမြို့နယ် တောင်ညိုနေကိုမောင်ဝင်းက ခန့်မှန်းငွေကျပ် ၄၁၈၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး အပါအဝင် စုစုပေါင်း ငွေကျပ်တစ်သိန်းနှင့် အထက်အလှူတော်ငွေ အလှူရှင် ၃၈ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၁၀၁ ဦးတို့က လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းမှ ယနေ့ ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၅၄၂၃၉၁၈၁ ကျပ်၊ FEC နှစ်ယူနစ်၊ အမေရိကန်ဒေါ်လာ ၁၇၁၉ ဒေါ်လာ၊ ရီမင်ဘီ ၁၂၅၈ ၊ ထိုင်းဘတ် ၁၆၆၂ မလေးရှားရင်းဂစ် ၁၅၊ အင်ဒိုနီးရှားရူပီးယား ၁၀၀၀၊ အိန္ဒိယရူပီး ၅၁၂ ကမ္ဘောဒီးယားရီရယ် ၁၀၀၊ စင်ကာပူဒေါ်လာ ၃၂ ကိုရီးယားဝမ် ၂၀၀၀၊ ကျပန်ယန်း ၁၀၀၀၊ သီရိလင်္ကာရူပီး ၂၂၀၊ တောင်အာဖရိကရန် ၄၀၊ ဗင်နီဇွဲလားဘိုလီဗါး ၆၀၀၀၊ ဟောင်ကောင်ဒေါ်လာ ၂၀၊ ယူရို ၃၀ နှင့် ရွှေ ငွေ လက်ဝတ်ရတနာမျိုးစုံ ၂၈၁ ခုခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၇၀၀ တို့ဖြစ်သည်။

ပုဒ္ဓမြတ်စွယ်တော် ယာယီသတင်းသုံး စံပယ်အပူဇော်ခံ စတုတ္ထနေ့ ဥပုဂါတသန္နိစေတီတော်တွင် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကား နိုင်ငံရပ်ခြားတိုင်းပြည်များမှ ဧည့်သည်များပါ လာရောက်ကြည်ညို

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင် လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်ဥပုဂါတသန္နိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ စတုတ္ထနေ့တွင် နံနက်ပိုင်းမှညပိုင်းအထိ ဥပုဂါတသန္နိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအား အနောက်တောင်ထောင့် ရှိ ဓာတ်လှေကားဖြင့် လွယ်ကူစွာတက်ရောက်ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများသာမက ဂျာမနီ၊ ဂျပန်စသည့် နိုင်ငံရပ်ခြားတိုင်းပြည်များမှ ဧည့်သည်များပါ ဗုဒ္ဓမြတ်စွယ်တော်အားလာရောက်ကြည်ညိုကြသည်ကို တွေ့မြင်ရသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရေးအတွက် အလှူခံဌာနများဖွင့်လှစ်အလှူခံလျက်ရှိရာ ငွေကျပ်တစ်သိန်းနှင့်တစ်သိန်းအထက် အလှူရှင် ၁၄ ဦးနှင့် ရွှေငွေကျောက်မျက်ရတနာ မျိုးစုံအလှူရှင် ၂၂ ဦးတို့လာရောက် လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းကြရာတွင် နေပြည်တော်တပ်ကုန်းမြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးမျိုးမြင့်အောင် ဇနီးဒေါ်ခိုင်စုယဉ်နှင့် သား-မောင်ရဲရင့်အောင် မိသားစုကစုစုပေါင်း ခန့်မှန်းငွေကျပ် ၃၁၂၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်းနှင့် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နေ ဦးအေးကျော် - ဒေါ်မြင့်မြင့်သန်းမိသားစုက ခန့်မှန်း ငွေကျပ် ၂၉၅၂၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း ,တို့ကိုလာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီမှ တာဝန်ရှိသူ တစ်ဦးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

နိုဝင်ဘာ ၈ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၁၈၄၀၆၅၁၁ ကျပ်၊ အမေရိကန်ဒေါ်လာ ၃၉ ဒေါ်လာ၊ ထိုင်းဘတ် ၅၀၀၊ ပီဆို ၅၀၀၊ အင်ဒိုနီးရှား ရူပီးယား ၁၀၀၀၀၀ နှင့်ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၄၇ ခု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၄၅၀၀ တို့ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုပူဇော်ကြသည်

နေပြည်တော် ဥပုသ်တသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓဘိသေက အနေကဇာတင်ခြင်းနှင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း၊ မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော်ဥပုသ်တသန္တိစေတီတော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ဖူးမြော်ကြည်ညို ပူဇော်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ စုံစုံညီညီလာရောက် ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် ရတနာရထားယာဉ်သည် ယာယီကိန်းဝပ်စံပယ်တော်မူရာ နေပြည်တော် ဥပုသ်တသန္တိစေတီတော်လိုဏ်အတွင်းမှနေပြည်တော်လေဆိပ်သို့ နံနက် ၁၀ နာရီ ၁၀ မိနစ်၌ ဆိုက်ရောက်လာသည်။

ဗုဒ္ဓမြတ်စွယ်တော်ရတနာရထားယာဉ် ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်တည်း ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန မဂ်လာစည်တော်အဖွဲ့က မဂ်လာငွေခရုနှင့် အောင်စည်အောင်မောင်းကို သုံးကြိမ်တီးခတ်၍ ပူဇော်ကြသည်။

စတုတ္ထအကြိမ် ပုဒ္ဒမြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုမှတ်တမ်း

ထို့နောက် ပုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ လေယာဉ်အနီးရှိ မဂ်လာဝန်ချီစက် (High Loader) ပေါ်သို့ အောင်အိုးကိုင် သာသနာ့အလံကိုင်ဥပါသကများက ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါလျက် ပင့်ဆောင်ပူဇော်ကြသည်။

ထိုသို့ ပင့်ဆောင်ပူဇော်စဉ် ယဉ်ကျေးမှုဝန်ကြီးဌာန မဂ်လာစည်တော်အဖွဲ့က စည်တော်သံများ တီးခတ်ပူဇော်၍ လည်းကောင်း၊ မဂ်လာစည်တော်ဓမ္မတေးအဖွဲ့က "စွယ်တော်ကြီး" တေးသီချင်း အပါအဝင် ဓမ္မပူဇာတေးသီချင်းများဖြင့် သီကျူးပူဇော်၍လည်းကောင်း၊ ဝတ်အသင်းအဖွဲ့များက ဒိသာဖရဏာ အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်ာများကို သံပြိုင်ညီညာရွတ်ဆိုပွားများ၍ လည်းကောင်း ပူဇော်ကြသည်။

ယင်းနောက် ပုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက မဂ်လာဝန်ချီစက် (High Loader) မှ တစ်ဆင့် အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။

ထို့နောက် ပုဒ္ဓမြတ်စွယ်တော်အားပင့်ဆောင်သည့် အထူးလေယာဉ်သည် နံနက်၁၁ နာရီတွင် နေပြည်တော်လေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စတင်ထွက်ခွာသွားရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်ပုဒ္ဓ၏ ဂုဏ်တော်များကို အာရုံပွားများကြပြီး ပုဒ္ဓါနုဿတိဘာဝနာစီးဖြန်း၍ ပုဒ္ဓမြတ်စွယ်တော်အား ရှိခိုးကော်ရော်ဖူးမြော် ပူဇော်ကြသည်။

ယင်းနောက် ဧည့်ပရိသတ်များနှင့် ဝတ်အသင်းအဖွဲ့များက ရတနာသုံးပါး ဂုဏ်တော်များကို အာရုံပွားများကြပြီး အခမ်းအနားကို ပုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ရဟန်းရှင်လူပြည်သူအပေါင်း နတ်ရွာနိဗ္ဗာန်အကျိုးစီးပွားအလို့ငှာစိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏာဂန္ဓကုဋိလိုဏ်တော်အတွင်း၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်၌ ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိလည်းကောင်း နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိဆက်လက် အပူဇော်ခံထားရှိသွားမည်ဖြစ်သည်။

ပုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ယနေ့ပင့်ဆောင်ပူဇော်ရာတွင် မြန်မာ့လေကြောင်းနှင့် Air Bagan လေကြောင်းလိုင်းတို့ပူးပေါင်း၍ လျှဒါန်းပူဇော်ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



ဝုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်ဥပါတသန္တိစေတီတော်လိုဏ်အတွင်းမှ နေပြည်တော်လေဆိပ်သို့ အောင်ဒိုးကိုင်
သာသနာ့အလံကိုင် ဥပါသကများဦးဆောင်ကာ ဒေဝါဝင်း ရာဇာဝင်းများခြံရံလိုက်ပါလျက် ပင့်ဆောင်ပူဇော်ကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်သို့ ပြန်လည်ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းဖြင့် ပို့ဆောင်မှုမှတ်တမ်း။



ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပါတသန္တိစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ တောင်ဘက်မုခ်ဦး သတ်မှတ်နေရာအထိ အောင်အိုးကိုင် သာသနာ့အလံကိုင် ဥပါသကများဦးဆောင်၍ ဆင်ဖြူတော် နန္ဒဝတီဖြင့် ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပြီး ပြန်လည်ပင့်ဆောင်ပူဇော်စဉ်။



ဥပုါတသန္တိစေတီတော်တွင် ဗုဒ္ဓမြတ်စွယ်တော်အား အနေကဇာတင်ခြင်းနှင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်မှုဇော်ခြင်း
မဟာမင်္ဂလာအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့က ဓမ္မတေးများဖြင့် သီးကျူးမှုဇော်ကြစဉ်။





ဝန်ကြီးဌာန ဝတ်အသင်းယာဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာန ဆိုင်းဘုတ်များ၊ အသံချဲ့စက်များ တပ်ဆင်ရေးဆောင်ရွက်စဉ်။





ထံမွတ်အာသင်း စီးနင်းလိုက်ပါလာသည့် ယာဉ်တန်း





ဗုဒ္ဓမြတ်စွယ်တော်အား လေဆိပ်တွင် စောင့်ကြိုဝတ်ရွတ်ပူဇော်ကြစဉ်။





ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ တီးခတ်ပူဇော်ကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်၌ လေယာဉ်ပေါ်သို့ပင့်ဆောင်ရန် စီစဉ်ဆောင်ရွက်စဉ်။





ဝင်းခင်းအဖွဲ့များဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်ပေါ်သို့ပင့်ဆောင်စဉ်





နေပြည်တော်လေဆိပ်တွင် ဗုဒ္ဓမြတ်စွယ်တော်အား စောင့်ကြိုပူဇော်လျက်ရှိသည့် ဝတ်ရွတ်အသင်းများနှင့်လူထုများ။



ဗုဒ္ဓမြတ်စွယ်တော်

ရန်ကုန်တိုင်းဒေသကြီးဌ် အပူကော်ခံခြင်း

ရန်ကုန်မြို့သို့ ပင့်ဆောင်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပုသ်တသန္တိစေတီတော် လိုက်တော်အတွင်း ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ ၁၆ ရက်ကြာ ယာယီသိတင်းသုံးအပူဇော်ခံခဲ့ပြီးနောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမဟာပါသာဏဂန္ဓကုဋိလိုက်တော်တွင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ဒီဇင်လာလ ၇ ရက်နေ့အထိ ၁၆ ရက်တိုင် အပူဇော်ခံပါသည်။

ကြီးတင်ပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြီးဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်းမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင် မသပြေက ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ထူးမခြားနားသီချင်းခံသုံးပိုဒ်ကို သီကျူးတီးခတ်ပူဇော်ကာ မင်္ဂလာငွေခရုနှင့်အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်သည်။

ဆက်လက်၍ ဥပါသကများက သံယာတော်များအား တံခွန်ကုက္ကားမုလေးပွားများ ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရိအမှူးပြုသော ဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါ ဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံယာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။



ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်လာစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပင့်ဆောင်မူဂေါလာစဉ်း





ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိအပူဇော်ခံစဉ်။





ဗုဒ္ဓပြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌
ပူဇော်ကြသည်ကြစဉ်





ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပူးမြှောက်ကြည်ညိုကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုက်ရှုသိမ်တော်ကြီးသို့ ပင့်ဆောင်ပူဇော်စဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘာဒေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ပင့်ဆောင်ပူဇော်စဉ်။





ဝုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ပင့်ဆောင်ပူဇော်လာစဉ် ရဟန်းရှင်လူ ပြည်သူများက ပူဇော်ကြည်သိုးကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ထဲသို့ ပင့်ဆောင်နေစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ရူတော်ထဲသို့ ပင့်ဆောင်နေစဉ်။





ဗုဒ္ဓဓွယ်တော်မြတ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးများ တရားတော်များနာယူနေပုံ။





တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံဃာတော်များကို ရှင်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်သွေက လှူဒါန်းနေစဉ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံဃာတော်များကို လှူဒါန်းပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဗုဒ္ဓတရားတော်များ နာယူနေကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြစဉ်။



ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေတို့က ရေစက်ချတရားတော် နာယူနေကြပုံ။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဂုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်အသင်းများက ဝတ်ရွတ်ပူဇော်ကြစဉ်။





ကမ္ဘာဒေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ သံဃာတော်များကို လှူဒါန်းပွဲညီးများ ဆက်ကပ်လှူဒါန်းနေကြစဉ်း





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေကြစဉ်။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနေစဉ်။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနေစဉ်။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနေကြစဉ်။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ဂူးမြောက်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ယဉ်ကျေးမှုဝန်ကြီးဌာနအဖွဲ့က မျှတေးများဖြင့် သီကျူးပူဇော်နေကြစဉ်။



ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ တီးခတ်ပူဇော်နေကြစဉ်။

မဟာပါသာဏလိုဏ်ဂူ၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်သည့် ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့်အထူး စည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ သက်သောင့်သက်သာစွာ လာရောက်ဖူးမြော်နိုင်ရေး အတွက် ဂိတ် (၆) ကျောက်မျက်ဂိတ်မှ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူအနီးထိ ပို့ဆောင်ရေး ဆပ်ကော်မတီက ဟိုင်းလတ်ယာဉ်များဖြင့် အခမဲ့ကုသိုလ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ဘုရားဖူးလာပြည်သူများ အမောပြေလန်းဆန်းစေရန်အတွက်လည်း BIO PLUS သောက်ရေသန့်ကုမ္ပဏီက ရေသန့်ဘူးများဖြင့် ကုသိုလ်ယူလှူဒါန်းလျက်ရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဆိုင်းဝိုင်းနှင့်တွဲဖက်၍ အဆိုတော် ခိုင်ဝါ၊ အေးအေးအောင်၊ ခိုင်ဇင်ရွှေ၊ ရွှေရွှေခိုင်နှင့်စိုးစန္ဒာထွန်းတို့ကဓမ္မပူဇာတေးများ ဖြင့် လည်းကောင်း၊ ဝန်ကြီးဌာန ဝတ်အသင်းများ၊ မြို့နယ်ဝတ်အသင်းများ၊ တပ်ရင်းမိသားစုဝတ်အသင်းများ ကလည်း ဗုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့်လည်းကောင်း အလှည့်ကျ သီကျူး ရွတ်ဆိုပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြရာတွင် အလှူတော်ငွေနှင့် ရွှေငွေ လက်ဝတ်ရတနာ ပစ္စည်းများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူရာ မဟာပါသာဏ လိုဏ်ဂူတော်အတွင်းနှင့် အပြင်တို့၌ အလှူခံပုံးများနှင့် ဝိဇ္ဇယမင်္ဂလာဓမ္မသဘင် အလှူခံခန်းမ၌ အလှူခံ နေရာများ ဖွင့်လှစ်ထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဝိဇ္ဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပရာ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်စိမ်းဝင်း(ကျီတော်အိမ်ရာ ပုဇွန်တောင်)ကငွေကျပ် ရှစ်သိန်း၊ ဒေါ်စိန်တင် မိသားစု တာမွေနှင့် (ဦးဟန်ထွန်း)အားရည်စူး၍ ဇနီးဒေါ်ခင်စိန်မိသားစု (ကမ္ဘာအေး)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးရှားဟုတ်+ ဒေါ်ခင်သန်း (ဂျက်လေယာဉ်ပဲကြော်/ လော်လုပ်ငန်း၊ လှည်းကူး)နှင့် ဦးတင်စိန်-ဒေါ်ခင်မြင့်ရီ (အောင်သစ်လွင် ကုန်စည်ပို့ဆောင်ရေး မိသားစု)တို့က ငွေကျပ် သုံးသိန်းစီ အပါအဝင်အလှူရှင် ၈၁ ဦး၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးများနှင့် ဘဏ္ဍာငွေလုပ်ငန်းအဖွဲ့များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ထို့အတူ ယမန်နေ့ ညနေပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်မိသားစုက အမေရိကန် ဒေါ်လာ ၁၃၀၀၊ ပတ္တမြားတာ ၁၁ ပွင့်၊ မြိတ်ပုလဲ တစ်ပွင့်၊ ၁၅ ပဲရည်အဖြူရောင် ၆၁ ပွင့်ပါ ရွှေလက်စွပ် ၁ ကွင်း ကာလတန်ဖိုး ငွေကျပ် ၄၈၀၀၀ အား လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၂၂ ရက်မှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၂၉၁၁၉၀၆၆ ကျပ်၊ လက်ဝတ်ရတနာမျိုးစုံ ၁၆၄ ခု ကာလတန်ဖိုး ငွေကျပ် ၁၈၀၁၅၄၀၀၊ အမေရိကန် ဒေါ်လာ ၂၉၀၅ ဒေါ်လာ၊ ရီမင်ဘီ ၇၁ ယွမ်၊ အိန္ဒိယရူပီး ၂၁၀၊ ထိုင်းဘတ် ၃၃၀၊ FEC နှစ်ယူနစ်၊ မလေးရှားရင်းဂစ် ၁၃၊ အီဂျစ်ပေါင် ၅၊ ကိုရီးယားဝမ် ၂၀၀၀၊ ဘရူနိုင်းဒေါ်လာ ၁၁ တို့ဖြစ်ကြောင်း သိရှိရသည်။



ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ဖူးမြော်ရန်လာရောက်ကြသော ရဟန်းရှင်လူ ပြည်သူများ





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူတော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာတလိုတ်ဂွဲ့ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဝုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဝုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူတော်ခံလျက်ရှိသော ဘုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂွဲ့ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဝုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်။



ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ ဆက်လက် အပူဇော်ခံလျက်ရှိ

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ စတုတ္ထနေ့အဖြစ် အပူဇော်ခံလျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်၌ အလှူခံဌာနဖွင့်လှစ်ထားရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုး မိသားစုက ငွေကျပ် သုံးသိန်းသုံးသောင်း၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အရှင်ကိုဒ္ဓိဗလနှင့် တပည့်များက ငွေကျပ်ငါးသိန်းငါးသောင်းရှစ်ထောင်၊ ရန်ကုန်မြို့နေ ဖိုးလပြည့်က အမေရိကန်ဒေါ်လာ ၃၀၀၊ ဗိုလ်ချုပ်သိန်းနိုင်-ဒေါ်ခင်ပြုံးရွှေ မိသားစုက အမေရိကန်ဒေါ်လာ ၅၁၃၊ ဦးကြွင်စန်းရွှေ - ဒေါ်ခင်ဝင်းစိန် မိသားစုက ငွေကျပ် တစ်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ မိသားစုက ငွေကျပ်ငါးသိန်း၊ [ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို(ငြိမ်း)] - ဒေါ်ခင်လေးမြင့် မိသားစုက ငွေကျပ်နှစ်သိန်း၊ နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်-သီရိသုဓမ္မသိရီဒေါ်တင်တင်ဝေ မိသားစုက ငွေကျပ်နှစ်သိန်း အပါအဝင် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင် ၁၁၁ ဦးက ယနေ့လှူဒါန်းကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာ လှူဒါန်းမှုအနေဖြင့် သီပေါမြို့နေ ဦးကျင်စိန်-ဒေါ်သိန်းတန် မိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ နီလာကြယ်သီး ငါးလုံး၊ မန္တလေးမြို့ ဒေါင်းရိုးရပ် (၂၉)လမ်းနေ ဦးပေါ-ဒေါ်အုန်းခင် မိသားစုက ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ကျောက်နီကြယ်သီးငါးလုံး၊ ဦးမြင့်ဉာဏ်-ဒေါ်ခင်ညွန့်ညွန့်ထွန်း မိသားစုက ငွေကျပ် ၆၂၅၀၀၀ တန်ဖိုးရှိ ကျောက်ဖြူ ၁၀ ပွင့်စီပါ ရွှေကြယ်သီးငါးလုံး၊ ဦးသစ်လွင် - ဒေါ်လှညွန့်ရီ မိသားစုက စိန်ရှစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန် အပါအဝင်အလှူရှင် ၁၄၄ ဦးတို့က လာရောက်လှူဒါန်းကြသည်။

နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၇၁၀၄၃၆၀၁၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၁၄၄ ခု တန်ဖိုးငွေကျပ် ၁၆၂၁၄၈၈၀၊ အမေရိကန်ဒေါ်လာ ၁၉၁၈၊ ယူရို ၅ နှင့် စင်ကာပူဒေါ်လာ ၂၅ တို့ဖြစ်ကြောင်းသတင်း ရရှိသည်။

ရန်ကုန်မြို့၌ အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓမြတ်စွာတော်အား အလှူရှင်များက အလှူငွေများနှင့် ရွှေငွေကျောက်မျက်ရတနာများ ဆက်လက်လှူဒါန်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ သတ္တမမြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညပိုင်းအထိ ရဟန်းရှင်လူပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။ ဗုဒ္ဓမြတ်စွယ်တော်အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)မှ ဆိုင်းဝိုင်းနှင့် တွဲဖက်၍ ကိုမင်းနောင်၊ ချိုပြုံး၊ မန္တလေးသိန်းဇော်၊ မောင်မောင်ကြီး၊ ရီရီသန့်၊ ရန်ပိုင်စိုးနှင့် သိန်းဟန်ကြီး(စောင်း) စသည့် အဆိုတော်များက ဓမ္မတေးများဖြင့် လည်းကောင်း၊ တာမွေမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်များမှ ဝတ်အသင်းများ၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ အလက(၁)ဒဂုံနှင့် တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဝတ်ရွတ်၍လည်းကောင်း ပူဇော်ကြသည်။

စတုတ္ထအကြိမ် ပုဒ္ဒမြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုမှတ်တမ်း

ပုဒ္ဒမြတ်စွယ်တော်ဟူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်-ဒေါ် ဝေဝေ မိသားစုက ငွေကျပ် ၉၂၃၀၀၀၊ အဘိုးအဘွား၊ မိဘများနှင့် ဦးချစ်အောင် အားရည်စူး၍ မရမ်း ကုန်းမြို့နယ် (၃)ရပ်ကွက်နေ ဒေါ်မြသိန်း မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ မြိတ်မြို့နေ ဦးတင်ဦး-ဒေါက်တာအေးအေးသိန်း မိသားစုနှင့် ကမာရွတ်မြို့နယ် စံရိပ်ငြိမ်နေ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာသန်းထွန်း (ကံ့ကော်ရွှေပြည်) မိသားစုက ငွေကျပ် ၃၀၀၀၀၀ စီ၊ ရန်ကုန်မြို့နေ ဦးမြင့်လွင်-ဒေါ် နုနုရီ မိသားစုနှင့်သီဟသုဓမ္မမဏိဇောတဓရ ဦးမြတ်လွင်နှင့် သီရိသုဓမ္မသဏီ ဒေါ်မြတ်မြတ်စိုး (မြတ်သပြေ ကုမ္ပဏီလီမိတက်)မိသားစုက ငွေကျပ် ၂၀၀၀၀၀ စီ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်-ဒေါ် ခင်သန်းနွဲ့ မိသားစုက ငွေကျပ် ၁၂၀၀၀၀ အပါအဝင်အလှူရှင် ၁၅၃ ဦးတို့က လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ်(၆၀-ဘီ)နေ ဒေါ်မြသန်းတင် မိသားစုက ငွေကျပ် ၃၁၇၅၀၀၀ တန်ဖိုးရှိ ပတ္တမြားတာ ၁၀ ပွင့်စီပါ ရွှေကြယ်သီး ငါးလုံး၊ ပတ္တမြားတာ တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ပြောင်ခေါင်းစိမ်းတာ တစ်ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ရွှေဒင်္ဂါးတစ်ပြား၊ မိုးကုတ်ပုလဲပြာလုံးချောတစ်ပွင့်၊ မြောလုံးချောတစ်ပွင့်၊ ကျောက်ဖြူတာတစ်ပွင့်၊ ပတ္တမြားလုံးချော ခုနစ်ပွင့်၊ နီလာလုံးချော ငါးပွင့်၊ လမ်းမတော်မြို့နယ်ရွှေတောင်တန်းလမ်းနေ ဦးရွှေစိန်-ဒေါ်မိမိရှိန် မိသားစုက ငွေကျပ် ၁၁၅၄၀၀၀ တန်ဖိုးရှိ ပတ္တမြား ၆၀ ပွင့်ပါ ရွှေလက်ကောက်တစ်ကွင်း၊ ပတ္တမြား ၁၁၈ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးအောင်မွေ-ဒေါ်ဝင်းထိန် သားသမီးမြေးတစ်စုက ငွေကျပ် ၇၇၀၀၀၀ တန်ဖိုးရှိ ခေါက်ရွှေပြားတစ်ပြား၊ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဦးခင်အောင်အား ရည်စူး၍ ဖြူးမြို့ ပင်စင်လမ်းနေ ဒေါ်အုန်းကြည် သားသမီးမြေးတစ်စုက ငွေကျပ် ၅၆၄၀၀၀ တန်ဖိုးရှိကျောက်ဖြူတာ တစ်ပွင့်စီပါ ရွှေကြယ်သီး လေးလုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ်စက်ရုံလမ်းနေ ဦးထွန်းလွင်-ဒေါ်လှမြင့် မိသားစုက ငွေကျပ် ၃၆၈၀၀၀ တန်ဖိုးရှိ စိန်တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် လှူဒါန်းပစ္စည်း ၄၂၉ တို့ကို တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၂၇ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၇၇၇၉၁၂၂၇၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၅၅၈၂၁၅၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀၇ နှင့် ယူရို ၁၃၆ တို့ ဖြစ်ကြောင်းသိရှိရသည်။

ဗုဒ္ဓစွယ်တော် ရန်ကုန်မြို့၌
ဆက်လက် အပူဇော်ခံလျက်ရှိ



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်မြောက်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်မြို့
ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ အပူဇော်ခံထားရှိရာ အဋ္ဌမမြောက်နေ့
ဖြစ်သည့် ယနေ့တွင်လည်း ဖွင့်ချိန်မှ ပိတ်ချိန်အထိ ရဟန်းရှင်လူပြည်သူများ များပြားစွာ လာရောက်
ဖူးမြော်ကြည်ညိုကြပြီး အသက်အရွယ်ကြီးသူများနှင့် မကျန်းမာသူများအား ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့က စီစဉ်ပေးသည့် လျှပ်စစ်မော်တော်ယာဉ်နှင့် ရွှေရန်ကုန်အမြန်ယာဉ်လိုင်းမှ ဟိုင်းလတ်
ယာဉ်များဖြင့် ကျောက်မျက်ဂိတ် အမှတ် (၆) မှ လိုဏ်ဂူတော်အနီးထိ အခမဲ့ ပို့ဆောင်ပေးသည်။

စတုတ္ထအကြိမ် ဝုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်မှုမှတ်တမ်း

သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များဖြစ်ကြသော လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး သီရိမွန်အိမ်ရာနေ ဦးနေအောင်-ဒေါ်မိုးမိုး၊ သား-ကိုကောင်းမိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့နေ ဦးဝင်းကြိုင်-ဒေါ်ခင်မာအေး မိသားစုကငွေကျပ်ခုနစ်သိန်း၊ ရေမြို့မှ ဆရာတော်ဘဒ္ဒန္တပုဖွရမွက ငွေကျပ်ခြောက်သိန်း၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်ဝေဝေအောင်၊ ဒေါ်နီနီအောင်၊ ဦးအောင်ဖြူး၊ ဒေါ်ချိုချိုအောင်မိသားစုက ငွေကျပ်ငါးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး ဇနီး ဒေါ်ခင်မြဦး မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဗိုလ်ချုပ်ထွန်းနေလင်း-ဇနီး ဒေါ်ချိုချိုစန်း မိသားစုက ငွေကျပ် ၂၇၂၀၀၀၊ ဒေါ်နီနီအား ရည်စူး၍ ရဲမှူးချုပ်တင်ဝင်း(ငြိမ်း) မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဗိုလ်မှူးချုပ်ကိုကိုနှင်-ဇနီး ဒေါ်စုစုအောင်မြတ်သူ (တပ်မတော်ဆေးတက္ကသိုလ်)က ငွေကျပ်တစ်သိန်းအပါအဝင် အလှူရှင် ၁၈၂ ဦးတို့က လှူဒါန်းကြပြီး တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ဦးဘစိုး-ဒေါ်ဒေါ်ဥတို့အားရည်စူး၍ သုဓမ္မမဏိဇောတဓရ ဒေါက်တာ လှဝင်းအောင်(လူမှုထူးချွန်ပထမဆင့်)က ငွေကျပ် ၄၇၅၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလုံးချောတစ်ပွင့်ပါ ငွေလက်စွပ်ငါးကွင်း၊ မြတ်ပုလဲတစ်ပွင့်စီပါ ရွှေလက်စွပ်ငါးကွင်း၊ မြတ်ပုလဲတစ်ပွင့်စီပါ ရွှေဆွဲသီးသုံးခု၊ ပုလဲတစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန်၊ မြတ်ပုလဲ ၄၁ ပွင့်ပါပုတီးတစ်ကုံး၊ လှိုင်မြို့နယ် အေးရိပ်မွန် (၂)လမ်းနေ ဒေါက်တာမျိုးထက်အေး-ဒေါက်တာသပြေခိုင်ဇာ မိသားစုက ငွေကျပ် ၁၉၂၃၀၀၀ တန်ဖိုးရှိ အခေါက် ရွှေပြားတစ်ပြား၊ စိန်တစ်ပွင့်စီပါ ရွှေဖြူလက်စွပ်နှစ်ကွင်း၊ ပုလဲ ၄၈ ပွင့်၊ လှည်းကူးမြို့နယ် ရဲမွန်နေ ဦးကိုကိုသန်း-ဒေါ်စန္ဒာဝင်း၊ သမီး-ရွှေရည်ဦး၊ သား-မောင်အောင်ခန့်မြတ်မိသားစုက ငွေကျပ် ၁၈၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုး တစ်ကုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးမြတ်ကို-ဒေါ်ဇကရီခိုင် မိသားစုက ငွေကျပ် ၁၀၃၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ အခေါက် ရွှေဒင်္ဂါးတစ်ပြား၊ကွယ်လွန်သူ ဦးဖိုးချစ်-ဒေါ်ကျန်တို့အားရည်စူး၍ တောင်ငူမြို့ စျေးလမ်းနေသမီး-ဒေါ်မြဝေမိသားစုက ငွေကျပ် ၈၆၀၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း အပါအဝင် လှူဒါန်းပစ္စည်း ၆၃၈ မျိုးတို့ကို လာရောက်လှူဒါန်းကြသည်။

နိုဝင်ဘာ ၂၈ ရက် ညနေမှ ယနေ့ ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၈၈၂၈၀၄၇၃၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၇၆၆၈၆၆၀၀၊ အမေရိကန်ဒေါ်လာ ၁၃၉၃၈၊ ယူရို ၄၀၊ စင်ကာပူဒေါ်လာ ၂၅၇၊ FEC ၂၃၂ ယူနစ်၊ ဟောင်ကောင်ဒေါ်လာ ၄၀ နှင့်ထိုင်းဘတ် ၇၇၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။

ဗုဒ္ဓမြတ်စွယ်တော်အတွက် အလှူရှင်များက အလှူငွေများနှင့် ရွှေငွေကျောက်မျက်ရတနာများ သဒ္ဓါတရားထက်သန်စွာ ဆက်လက်လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ ဒသမ မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညပိုင်းအထိ ရဟန်းရှင်လူပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူ ၄၉၈၂၀၆ ဦးရှိပြီး ယနေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လာရောက်ဖူးမြော်သူ ရဟန်းရှင်လူ ပြည်သူ ၄၅၃၁၃ ဦး ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် အလှူခံ ဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ ဝိဇယမဂ်လာ ဓမ္မသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့် အထက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးမြင့်မိခင်ကြီး ဒေါ်တင်မြတို့အား ရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသိဏီ ဒေါ်အေးအေးခန့်၊ သား-မောင်မင်းမင်း၊ သမီး- မအေးမြတ်ခိုင် မိသားစုနှင့် မဂ်လာဒုံ ပျဉ်းမပင်စက်မှုဇုန်မှ ဝိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း) အမှူးပြုသော စက်ရုံမိသားစုများက ငွေကျပ် ၁၁ သိန်းစီ၊ အဲပုဂံ ကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ညွန့်ယဉ်ဝင်းနှင့် သားသမီးမြေးများက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့ သုဝဏ္ဏာနေ ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့် (ငြိမ်း)-ဇနီး ဒေါ်ယဉ်ယဉ်ရွှေ သားသမီးမြေးတစ်စုက ငွေကျပ် ၄၂၀၀၀၀၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း-ဒေါ်အေးအေး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (သဲဆုခိုင် ကုမ္ပဏီလီမိတက်) ရွှေအင်ကြင်းရိပ်မွန်က ငွေကျပ် ငါးသိန်း၊ ဦးလှမြင့်ရွှေ-ဒေါ်အေးမြတ်မွန်၊ မစုထားမြတ်၊ မောင်အာကာဟိန်း၊ မောင်သီဟ မြင့်မြတ် (United Pacific Co., Ltd.) တို့က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် မိသားစုက ငွေကျပ် တစ်သိန်း၊ စာပေဗိမာန် စာတည်းဌာနမှ ဒေါ်တင်ရွှေ (စာတည်း)၊ စာရေးဆရာမ မွေးငယ်ငယ်က ငွေကျပ် ၁၀၁၀၀၀၊ ဦးသာကျော်အား အမှူးထား၍ ရန်ကုန်အနောက်ပိုင်း ဆေးရုံမှ ဒေါက်တာစံအေးကြည်က ငွေကျပ် နှစ်သိန်းအပါအဝင် အလှူရှင် ၁၄၀ တို့က လှူဒါန်း ကြပြီး တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေ ကျောက်မျက်ရတနာများလှူဒါန်းမှုအနေဖြင့် လမ်းမတော်မြို့နယ်နေ ဦးတင့်လွင်-ဒေါ်အေးအေး မိသားစုကငွေကျပ် ၁၀၃၃၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်း နှင့် ဘုရားပုံတော် ရွှေဆွဲသီး ငါးခု၊ မိဘနှစ်ပါးဖြစ်သော ဦးစိုဝါ-ဒေါ်ဘုတ်အား အမှူးထား၍ မြိတ်မြို့နေ ဦးသန်းစိန်-ဒေါ်တင်မြမိသားစုကငွေကျပ် ၉၈၀၀၀၀ တန်ဖိုးရှိ နီလာလုံးချော သုံးပွင့်စီပါ ရွှေကြယ်သီး ငါးလုံးနှင့် အစိမ်းနုရောင်ကျောက်တစ်ပွင့်စီပါ ရွှေကြယ်သီး ငါးလုံး၊ သုဝဏ္ဏမြို့နေ ဦးသိန်းဟန်-ဒေါ်ခင်ကြည်မိသားစုက ငွေကျပ် ၈၉၄၀၀၀ တန်ဖိုးရှိ နီလာဂေါ်ကြီး ၁၉ ပွင့်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ပတ္တမြားလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် စလင်းဖြူတာ တစ်ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ မြောက်ဥက္ကလာပမြို့နယ်ရွှေပေါက်ကံမြို့သစ်နေ ဒေါ်ခင်ခင်လွင်၊ သား- မောင်လွင်ထွန်း မိသားစုက ငွေကျပ် ၆၇၂၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးလှမြင့်အား ရည်စူး၍ ဒေါ်မြမြအေးသားသမီးမြေးတစ်စုက ငွေကျပ် ၅၁၀၀၀၀ တန်ဖိုးရှိ နီလာလုံးချော ၃၀ ပွင့်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ တောင်ဥက္ကလာပမြို့နယ် ဟင်္သာသွယ်လမ်းနေ ချောမြတ်သီရိလှိုင်က ငွေကျပ် ၄၈၇၀၀၀ တန်ဖိုးရှိ ပတ္တမြား ၁၁ ပွင့်၊ စိန် ၁၀ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် စိန် ၁၆ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ရန်ကုန်မြို့နေ ဦးမြသောင်း-ဒေါ်ခင်ခင်ဌေး မိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ စိန်ရှစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ တေးသံရှင် စိုးစန္ဒာထွန်းမိသားစုက ငွေကျပ် လေးသိန်းတန်ဖိုးရှိ ပတ္တမြားလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ဦးလှမြင့်ရွှေ-ဒေါ်အေးမြတ်မွန်၊ မစုထားမြတ်၊ မောင်အာကာဟိန်း၊ မောင်သီဟမြင့်မြတ် (United Pacific Co., Ltd.) တို့က OKI တံဆိပ်ပါ ရွှေဆွဲပြား ငါးခု အပါအဝင် ရတနာမျိုးစုံ ၄၄၈ ခုကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၃၀ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာငွေ ၁၀၃၉၅၂၄၉၉ ကျပ်၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၅၇၉၁၀၅၀၀၊ အမေရိကန်ဒေါ်လာ ၄၃၂၀ နှင့် စင်ကာပူဒေါ်လာ ၂၁၇၊ FEC ၅၇၆ ယူနစ်၊ ထိုင်းဘတ် ၉၇၀ နှင့် ယူရို ၅ တို့ဖြစ်ကြောင်း သိရှိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်အား လက်ဆောင်ပစ္စည်းပေးအပ်နေစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား လက်ဆောင်ပစ္စည်းပေးအပ်နေစဉ်။



ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများက ရွှေ၊ ငွေ ကျောက်မျက်ရတနာများ လာရောက်လှူဒါန်းကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ပူးမြောလာ မြည်သူများက အလှူတော်ငွေများ လာရောက်လှူဒါန်းကြစဉ်



ဗုဒ္ဓစွယ်တော်အား လာရောက်ပူးမြော်
ကြည်ညိုကြသည့်ရဟန်းရှင်လူပြည်သူများ
တိုးတက်များပြား

တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အပူဇော်ခံ လျက်ရှိရာ (၁၂)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညနေပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့သည် ရုံးပိတ်ရက်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ကြသကဲ့သို့ ရန်ကုန်မြို့မှ ပြည်သူများ၊ ဝန်ထမ်းများလည်း အစုအဖွဲ့လိုက်လည်းကောင်း၊ မိသားစုလိုက်လည်းကောင်း မြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူဒါနပြုကာ ကုသိုလ်ယူကြရာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖူးမြော်သူ ၆၃၀၉၂ ဦး ဖြစ်သည်။

အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့်အထက်အလှူရှင်များဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်-ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုက ငွေကျပ် ၇၀၅၀၀၀၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်-ဇနီး ဒေါ်မြင့်သန်း မိသားစုနှင့် ဦးသန်းညိန်း-ဥက္ကဋ္ဌ(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့် (ညွှန်ကြားရေးမှူး-ငြိမ်း) မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မူလဆယ်တောင်ပြည့်ဆရာတော်ကြီးအား အမှူးထား၍ ကုမုဒြာဓမ္မရိပ်သာ စင်ကာပူအဖွဲ့က ငွေကျပ် ၇၉၄၈၂၀ နှင့် စင်ကာပူဒေါ်လာ ၁၀၀၊ ဦးဇော်ဇော်-ဇနီး ဒေါ်ဌေးဌေးခိုင်၊ သမီး အိမ့်မှူးဇော်၊ သား ရဲမာန်ဇော် (ဧရာဝတီဘဏ် လီမိတက်) မိသားစုကငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ငါးသိန်း၊ ပုသိမ်မြို့နေ ဒေါ်လှိုင်မြင့် (မြေး) မောင်မင်းမင်းသန့် မိသားစုက ငွေကျပ် သုံးသိန်း အပါအဝင် အလှူရှင် ၃၀၂ ဦးတို့က စုစုပေါင်းငွေကျပ် ၁၃၇၁၀၉၄၈၀ ကို လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေ ကျောက်မျက်ရတနာများ လျှပ်ဒါန်းမှုအနေဖြင့် ပန်းခြံဆရာကြီး ဦးလွန်းကြွယ်-ဇနီး ပန်းခြံလွန်းမြမြ၊ သား-ပန်းခြံ လွန်းသစ်၊ သမီးဆွေးမ-ပန်းခြံ လွန်းကော်ရည်၊ မြေး-လွန်းပန်းခြံ လွန်းမိုးယဲ့ မိသားစုက ငွေကျပ် ၇၁၁၀၀၀ တန်ဖိုးရှိ စိန် ၁၈ ပွင့် မြတစ်ပွင့်ပါ ရွှေလက်စွပ်နှင့် ရွှေနားကပ် တစ်ရန်၊ အင်းစိန်မှ ဦးစိုးဝင်း- ဒေါ်ကြင်သန်းမိသားစုက ငွေကျပ် ၁၁၄၃၀၀၀ တန်ဖိုးရှိ ပုလဲ ၃၅ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်(ငြိမ်း)-ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် ၅၄၇၀၀၀ တန်ဖိုးရှိ ရွှေကြယ်သီး တစ်စုံ၊ ဇံတောင်ကြီးမြို့နေ ဒေါ်နန်းကသိန္နှင့် ဒေါ်နန်းအေးအေးသန်းတို့က ငွေကျပ် ၆၃၂၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် တစ်ကွင်း၊ ရွှေလက်ဆွဲ တစ်ရန်၊ အောင်လံမြို့နေ ဦးအောင်မြင့်-ဒေါ်ခင်စော (စိန်ကြယ်ဇမ္ဗူရာဇ်ရွှေဆိုင်)မှ ငွေကျပ် ၅၀၉၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလက်ကောက်တစ်ကွင်း၊ ကျောက်နီဆွဲကြိုး တစ်ကုံး၊ ကျောက်ဖြူရွှေနားကပ်တစ်ရန်၊ သန်လျင်မြို့နေ ဒေါ်နုယဉ်က ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် တစ်ကွင်းနှင့်ကျောက်ဖြူနားကပ် တစ်ရန်၊ ဦးမြသူဇော်-ဒေါ်ခင်နှင်းကြည် မိသားစုက ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ မြိတ်ပုလဲ တစ်ပွင့်စီပါရွှေနားကပ် တစ်ရန်နှင့် ရွှေလက်စွပ်တစ်ကွင်း၊ ဦးသိန်းကျော်အား ရည်စူး၍ ဒေါ်သန်းရှင်မိသားစုက ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ရွှေကလစ် တစ်ခု၊ နီလာကျောက် တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ပတ္တမြား ငါးပွင့်၊ စိန် ခုနစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ ဦးရဲရင့်ထွန်း-ဒေါ်စိုးစိုးစံ မိသားစုက ငွေကျပ် ၁၆၈၀၀၀ တန်ဖိုးရှိ ပတ္တမြားရှစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ အနက်ရောင် ကျောက်တစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ ပုလဲ ၁၃ ပွင့်ပါ ရွှေလက်ကောက်ပျော့ တစ်ခု၊ ပုလဲဆွဲကြိုးတစ်ကုံး၊ ဦးကျော်သန်း-ဒေါ်တင်မိသားစုက ငွေကျပ် ၁၂၇၁၀၀၀ တန်ဖိုးရှိရွှေလက်ကောက် နှစ်ကွင်း၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်ပုတို့အား ရည်စူး၍ ဗိုလ်မှူးချုပ် စိုးဝင်း-ဒေါ်ဖြူဖြူမြင့် မိသားစုက ငွေကျပ် ၂၃၀၀၀၀၀ တန်ဖိုးရှိ စိန် ၇၂ ပွင့်ပါရွှေဆွဲသီးနှင့် ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ရေတွင်းမှ ဒေါ်ခင်စန်းကြည်က ငွေကျပ် ၁၄၇၅၀၀၀ တန်ဖိုးရှိ မြိတ်ပုလဲ တစ်ပွင့်စီပါရွှေနားကပ် တစ်ရန်နှင့် ရွှေလက်စွပ်တစ်ကွင်း၊ ဦးသိန်းကျော်အား ရည်စူး၍ ဒေါ်သန်းရှင်မိသားစုက ငွေကျပ် ၇

ပုဒ္ဓစွယ်တော် ရန်ကုန်မြို့ ၌
(၁၃) ရက်မြောက်နေ့
ဆက်လက်အပူဇော်ခံလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းအပူဇော်ခံလျက်ရှိရာ (၁၃)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း ရဟန်းရှင်လူ ပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့သည် ရုံးပိတ်ရက်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ပုဒ္ဓမြတ်စွယ်တော်ဖူးသူများ လာရောက်ကြသကဲ့သို့ ရန်ကုန်မြို့မှ ဒေသခံများကလည်း လာရောက်ဖူးမြော်ကြရာ ယနေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖူးမြော်သူ ၇၄၀၇၇ ဦး ရှိသည်။

အလှူခံဌာနများအနက် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ နှစ်ဖက်ညီအစ်ကို မောင်နှမများအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ်နေ ဦးကျော်ထွဋ် မိသားစုက ငွေကျပ် ၁၀၁၀၀၀၀ ၊ ပန်းဘဲတန်းမြို့နယ် ကုန်စျေးတန်းလမ်းနေ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး) က ငွေကျပ် ၁၁ သိန်း၊ ဖောင်ကြီး အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၈) မှ သင်တန်းသား၊ သင်တန်းသူများက ငွေကျပ်ကိုးသိန်း၊ မန္တလေးမြို့နေ ဦးဇော်လေးမြင့်-ဒေါ်သီသီခိုင်၊ သား-မောင်ဇော်လင်းထက်၊ သား-မောင်ကောင်းစည်သူတို့က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့နေ ဦးအုန်းမြင့်-ဒေါ်ဝင်းဝင်းဆွေ မိသားစု၊ ဦးလှထွန်း(မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း)မှ နာယကကြီးများ၊ အမှုဆောင်လူကြီးများ၊ ဝန်ထမ်းများနှင့်ဝေဒနာရှင်လူနာများနှင့် ကွယ်လွန်သူ ဗိုလ်ကြီးသိန်းရွှေ(ငြိမ်း)၊ မိခင်-ဒေါ်အေးအေးနှင့် သား- ဦးစိန်လွင်တို့အား ရည်စူး၍ စမ်းချောင်းမြို့နယ်နေ ဒေါ်စန်းစန်းဦးက ငွေကျပ်ငါးသိန်းစီ၊ လှိုင်မြို့နယ် ဘူတာရုံလမ်းနေ ဒေါ်နန်းခမ်းမိုင် မိသားစုက ငွေကျပ် သုံးသိန်း၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနေ ဒေါ်ချယ်ရီရွှေ (ဝါးရိပ်စတိုး)က ငွေကျပ် ၅၀၅၀၀၀၊ ဟင်္သာတမြို့နေ ဦးဝင်းဇော်-သုဓမ္မသိဏီဒေါ်စန်းရှင်၊ သား ကိုအေးချမ်းပို မိသားစုနှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းနေ ဦးတင်ကိုး မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ သယ်နှုန်းကျွန်းမြို့နယ် လယ်တီဝိပဿနာကျောင်းတိုက်မှ ဘဒ္ဒန္တအာသဘနှင့် (၇)ရက်သားသမီးများက ငွေကျပ် ၂၂၀၀၀၀၊ သာသနာရေးဦးစီးဌာနမှ ဗိုလ်မှူးထွန်းဇော်မြင့်(ငြိမ်း)-ဒေါ်နွယ်နီအုန်း၊ သမီး-လိမ္မော်၊ ဆု၊ ငြိမ့်၊ သားထက် မိသားစုက ငွေကျပ် ၁၅၀၀၀၀ နှင့် ဦးကျော်သူဇော် (ခရိုင် အုပ်ချုပ်ရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်)-ဇနီး ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၂၈၉ ဦးတို့က လှူဒါန်းကြပြီး

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့ အင်းလျားလမ်း ဥယျာဉ်လမ်းသွယ်နေ ဒေါက်တာနီညွန့်က ငွေကျပ် ၅၂၅၀၀၀၀ တန်ဖိုးရှိ စိန် ၈၄ ပွင့်ပါ ပလက်တီနမ်ဆွဲပြား တစ်ခုနှင့်၊ စိန် ၁၆ ပွင့်ပါ ကျောက်စိမ်းဆွဲပြား တစ်ခု၊ မိဘများနှင့် ကျေးဇူးရှင်များအား ရည်စူး၍ ရန်ကုန်မြို့နေ ဦးဦးမြင့်-ဒေါ်ခင်မြအိ မိသားစုက ငွေကျပ် ၂၄၂၈၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ကျောက်ဖြူ ၂၁ ပွင့်ပါ ရွှေလက်ကောက်တစ်ကွင်း၊ ကျောက်စိမ်း ရွှေကြယ်သီးငါးလုံး၊ ပုလဲတစ်ကုံး၊ စိန် ၂၆ ပွင့်နှင့် ပုလဲတစ်လုံးပါ လက်စွပ်တစ်ကွင်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ကြိုင်ထွန်း မိသားစုက ငွေကျပ် ၂၀၉၅၀၀၀ တန်ဖိုးရှိ မြ ၃၂ ပွင့်၊ စိန် ၁၅ ပွင့်ပါ ရွှေလက်ကောက် တစ်ကွင်းနှင့် ပတ္တမြား ၄၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ရန်ကုန်မြို့ ကုန်းမြင့်ရိပ်သာမှ ဦးသိန်းအောင်-ဒေါ်မြသန္တာ၊ သား ကောင်းပြည့်စုံတို့က ငွေကျပ် တစ်သောင်းနှင့် ငွေကျပ် ၁၅၃၉၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းတစ်ပွင့်၊ စိန် တစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြားခုနစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ မြနှင့်စိန် ၁၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ပတ္တမြား ၃၁ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ အင်းစိန်ဖော့ကန်နေ ဒေါ်ခင်မေမိသားစုက ငွေကျပ် ၁၄၃၅၀၀၀ တန်ဖိုးရှိ ပုလဲနက် ရွှေဆွဲသီး တစ်ခု၊ စိန်ရှစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန်၊ မြ ၄၅ ပွင့်ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေနားကွင်းနှစ်ရန်၊ မရမ်းကုန်း အေးရိပ်ငြိမ်လမ်းနေ ဦးအေးချစ်-ဒေါ်နီနီ မိသားစုက ငွေကျပ် ၈၉၉၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက် လေးကွင်းနှင့် ရွှေလက်ကောက်တစ်ကွင်း၊ သုဝဏ္ဏ ဇေယျာသုခလမ်းသွယ်နေ ဦးဝေလင်း-ဒေါ်အေးချမ်းခြိမ့်၊ သမီး မေမဒီမိသားစုက ငွေကျပ် ၇၀၀၀၀၀ တန်ဖိုးရှိ စိန် ၂၀ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ကွယ်လွန်သူ ဒေါ်စောမြနှင့် ဦးချစ်လှိုင်တို့အား ရည်စူး၍ ဒေါ်ရီရီလွင် (ပုဇွန်တောင် ပြန်/ဆက်)၊ သမီးဟေမန်မိသားစုက ငွေကျပ် ၁၁၄၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းနှစ်ပွင့်၊ ကျောက်ဖြူတစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန်နှင့် ကျောက်ဖြူ ရှစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၈၀၆ ခုကို လှူဒါန်းကြသည်။

ဒီဇင်ဘာ ၃ ရက်ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၄၃၅၆၅၅၆၅၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၉၇၇၃၂၅၀၀၊ အမေရိကန်ဒေါ်လာ ၅၄၄၄ နှင့် စင်ကာပူ ဒေါ်လာ ၅၁၇ တို့ဖြစ်ကြောင်း သိရှိရသည်။

ပုဒ္ခမြတ်စွယ်တော် ရန်ကုန်မြို့၌
(၁၅) ရက်မြောက်
ဆက်လက်အပူဇော်ခံလျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ပုဒ္ခမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ (၁၅) ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင် နံနက် ၆ နာရီမှ ညနေပိုင်းအထိ ရဟန်းရှင်လူပြည်သူ ၅၄၇၅၆ ဦးလာရောက်ဖူးမြော်ကြည်ညိုကြသည်။

အလှူငွေများ လှူဒါန်း

အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ ဝိဇယမဂ်လာဓမ္မသဘင်ခန်းမ၌ကွယ်လွန်သူ ဖခင် ဦးသိန်းလှိုင် - မိခင်ဒေါ်ခင်သန်းတို့အား ရည်စူး၍ မဂ်လာဒုံနေပိုလ်မှူးနေလင်း(ငြိမ်း) - ဒေါ်နုနုအေး၊ သမီး မဇင်လင်းဆု၊ သား မောင်လရောင်လင်းမိသားစုက ငွေကျပ် ၂၅သိန်း၊ (ဒုတိယပိုလ်ချုပ်ကြီးတင်ဦး)နှင့် ဇနီး ဒေါ်ခင်သန်းခွဲ့ မိသားစုက ငွေကျပ် ၅၀၄၀၀၀၊ ရွှေတောင်တန်းလမ်းနေ United ဂက်စ်မီးဖိုဆိုင် မိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဝန်ထမ်းများက ငွေကျပ် ၁၁၈၀၀၀၀၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး ဒေါ်နန္ဒာမွန်း မိသားစုကငွေကျပ်တစ်သိန်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ပိုလ်ချုပ်စောထွန်း(ငြိမ်း)နှင့် ဇနီးက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နေ ဦးစံငြိမ်း-ဒေါ်ခင်သက်တင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒဂုံအထက(၂) ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ၅၅၀၀၀၀၊ ပိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန် မိသားစုက ငွေကျပ် ၎ါးသိန်း၊ ကွယ်လွန်သူမိခင် ဒေါ်ကော့ဝမ်တီအား ရည်စူး၍ သား၊သမီး၊ မြေးတစ်စု (မဟာမြိုင်အထူးကုဆေးရုံ)က ငွေကျပ် ၎ါးသိန်း၊ ဦးတင်ကိုကို ဒေါ်လင်းလင်း၊ သမီး မေသူခိုင်၊ သား မောင်လှမင်း မိသားစုက ငွေကျပ် ၎ါးသိန်း၊ ရန်ကုန်မြို့ ရတနာအိမ်ရာမိသားစုကငွေကျပ် ၎ါးသိန်း၊ Super Power Electronic Co., Ltd. မိသားစုက ငွေကျပ် ၎ါးသိန်း၊ ရွှေတိဂုံမွေဇီလီမိတက်၊ Beauty ခေါင်းလျှော်ရည် ဝန်ထမ်းမိသားစုက ငွေကျပ် ၄၈၀၀၀၀၊ သယ်နှိုးကျွန်း အထက(၁) ပညာရေးမိသားစုက ငွေကျပ် သုံးသိန်း၊ လှိုင်သာယာ အထက(၃)မှ ဆရာ၊ ဆရာမ၊ကျောင်းသား၊ ကျောင်းသူများက ငွေကျပ်နှစ်သိန်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးတင်မျိုးအောင်၊ ဇနီး

ဒေါ်ဆွေဆွေဝင်း၊ သား ဇင်ကိုအောင်၊ လွင်ကိုအောင် မိသားစုက ငွေကျပ် ၁၁၂၀၀၀ အပါအဝင် အလှူရှင် ၃၁၀ တို့က အလှူငွေများ လှူဒါန်းကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့်တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရတနာများ လှူဒါန်း

ရွှေငွေ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့နေ ဦးဘိုက်လင်းမိသားစုက ငွေကျပ် ၇၀၀၀၀၀၀ တန်ဖိုးရှိ ပတ္တမြားတာ တစ်ပွင့်၊ စိန် ၃၂ ပွင့်ပါ ရွှေဖြူမှုတ်ထားသည့် ရွှေလက်စွပ် တစ်ကွင်း၊ ရန်ကုန်မြို့ (၁၀၉) လမ်း အမှတ် (၂၅) နေ ဦးတင်အောင် - ဒေါ်အုန်းကြည်မိသားစုက ငွေကျပ် ၅၃၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းတစ်ပွင့်နှင့် စိန် ၁၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးရဲထွဋ်ကငွေကျပ် ၂၀၀၀၀၀၀ တန်ဖိုးရှိ စိန်တစ်ပွင့်ပါ ရွှေဖြူမှုတ်ထားသည့် ရွှေလက်စွပ်တစ်ကွင်း၊ အင်းလျားလမ်း ဥယျာဉ်လမ်းသွယ် အမှတ် (၂) နေ ဒေါ်ဇာနည်ညွန့်က ငွေကျပ် ၅၂၅၀၀၀၀ တန်ဖိုးရှိ စိန် ၈၄ ပွင့်ပါ ပလက်တီနမ်ဆွဲပြားနှင့် စိန် ၁၆ပွင့်ပါ ကျောက်စိမ်းဆွဲပြား၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းသော် (ငြိမ်း) - ဒေါ်သီတာဦး မိသားစုက ငွေကျပ် ၅၁၈၀၀၀ တန်ဖိုးရှိ ပတ္တမြား ရှစ်လုံးစီး လေးကွင်းနှင့် ရွှေလက်စွပ်တစ်ကွင်း၊ ရန်ကုန်မြို့နေ ရဲမှူးကြီးသိန်းစိုး-ဒေါ်တင်တင်ဝင်း၊ သား ဒုရဲအုပ်စိုးနိုင် မိသားစုက ငွေကျပ် ၇၂၅၀၀၀ တန်ဖိုးရှိ နာဂပုလဲတစ်ပွင့်ပါ ရွှေနားကပ်တစ်ရန်၊ အစိမ်းရောင် ကျောက်တစ်ပွင့်၊ အဖြူရောင်ကျောက် ၁၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ နဝရတ် ရွှေလက်စွပ်တစ်ကွင်းနှင့် အမဲရောင်ကျောက်တစ်ပွင့်၊ အဖြူရောင်ကျောက် ၁၉ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး ဦးစံ- ဒေါ်သန်းစိန်(ဦးစံထမင်းဆိုင်) မိသားစုက ငွေကျပ် ၁၀၃၁၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုး တစ်ကုံး၊ ဖခင် ဦးမြင့် - မိခင် ဒေါ်တင်မြတို့အား ရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်အေးအေးခန့်၊ သား ကိုအောင်နိုင်ဦး၊ သား ကိုမင်းမင်း၊ သမီး မအေးမြခိုင် မိသားစုက ငွေကျပ် ၃၁၃၀၀၀၀ တန်ဖိုးရှိ ရွှေမြဘုရားပုံဆွဲသီးပါ ရွှေခေါက်ဘတ်ကြိုးတစ်ကုံး၊ မြနှင့် စိန်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ကျောက်စိမ်း တစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် ရတနာမျိုးစုံ ၁၁၅၅ ခုကို လှူဒါန်းကြသည်။

ဒီဇင်ဘာ ၅ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေ ၁၅၇၃၇၃၉၀၂ ကျပ်၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၁၅၉၂၂၈၇၀၀၊ အမေရိကန်ဒေါ်လာ ၆၁၅၉၊ စင်ကာပူ ဒေါ်လာ ၄၃၉ နှင့် ယူရို ၃၂ ဖြစ်သည်။

ပုဒ္ဒမြတ်စွယ်တော် စတင်အပူဇော်ခံသည့် နိုဝင်ဘာ ၂၂ ရက်မှ ယနေ့ညနေ ၆ နာရီအထိ အလှူရှင်များက လှူဒါန်းကြသည့် ငွေသားစုစုပေါင်းမှာ ငွေ ၁၃၇၄၉၇၂၆ ကျပ်နှင့် ရွှေငွေ ကျောက်မျက်ရတနာမျိုးစုံ ၇၁၇၄ ခုတန်ဖိုးငွေကျပ် ၈၉၄၆၈၁၀၀၊ ငွေသားနှင့် ရတနာပစ္စည်းတန်ဖိုး နှစ်ရပ်ပေါင်းငွေ ၂၂၆၉၆၅၇၇၃၂ ကျပ် ဖြစ်ကြောင်း သိရသည်။

ပုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌
(၁၆) ရက်မြောက်
ဆက်လက်အပူဇော်ခံလျက်ရှိ

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ပုဒ္ဓမြတ်စွယ်တော်အား (၁၆) ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ပုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ပုဒ္ဓမြတ်စွယ်တော်အား အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဆိုင်းဝိုင်းနှင့်တွဲဖက်၍ စိမ်းမို့မို့၊ ခင်ညွန့်ညွန့်သန်း၊ ဦးအောင်ကိန်း၊ ရွှေယမင်းဦး၊ ခိုင်ဝါ၊ ခိုင်ဇင်ရွှေ၊ ရွှန်းလဲ့အောင် စသော အဆိုတော်များက ဓမ္မတေးများဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူးနှင့် လှိုင်မြို့နယ်များနှင့် ကျိုင်းတုံအသင်း(ရန်ကုန်)တို့မှ ဝတ်အသင်းများ၊ တပ်ရင်းတပ်ဖွဲ့ဝတ်အသင်းများ၊ ရန်ကုန် မြို့တော်စည်ပင် သာယာရေးအဖွဲ့ ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် လည်းကောင်း ပူဇော်ကြသည်။

ရပ်ဝေး ရပ်နီးပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုများ မြတ်စွယ်တော်အား လာရောက်ဖူးမြော်ကုသိုလ်ယူကြရာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ၇၉၀၆၃ ဦး ရှိသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ နှစ်ဖက်မိဘများအားအမှုထား၍ တောင်ကြီးမြို့နေ ဒေါက်တာသိန်းစိန်-ဒေါ်ခင်ဝါဝါ၊ ကျော်ဇေယျ၊ ကံထူးဝေ၊ အေးမြတ်မွန်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ကျိုင်းတုံမြို့နယ်အသင်း (ရန်ကုန်) က ငွေကျပ် ၅၁၀၀၀၀၊ ဒုတိယပိုလ်ချုပ်ကြီးမောင်ဘိုအား ရည်စူး၍ သယ်နန်းကျွန်းမြို့နယ်ပင်လုံ ရိပ်မွန်အိမ်ရာနေ သား ဦးကျော်ဆန်းမြင့်-ဒေါ်သင်းသုဉ်ဦး၊ မြေး မောင်ဇော်ဘိုထူး မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးပန်းအောင်(ဝန်ကြီး-ငြိမ်း)-ဒေါ်ညွန့်ညွန့်လွင် မိသားစုက ငွေကျပ် တစ်သိန်း၊ ပိုလ်ချုပ်တင်ငွေ (ငြိမ်း)၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)-ဒေါ်လှလှသိန်း မိသားစုက ငွေကျပ် ၂၀၄၀၀၀၊ နှစ်ဖက်မိဘများအား ရည်စူး၍ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ပိုလ်ချုပ်ဆန်းဦးနှင့် ဇနီးဒေါ်ကြူကြူစိုး မိသားစုက ငွေကျပ် တစ်သိန်း၊ နှစ်ဖက် မိဘများအား အမှုထား၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးပိုလ်ချုပ်ခင်မောင်ဌေး-ဒေါ်ဝင်းဝင်းမြင့် မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ပုဇွန်

တောင်မြို့နယ် (၅၂) လမ်း၊ အမှတ်(၇၄)နေ ဒေါ်ခင်သန်း၊ သမီး မသန်းသန်းဌေး မိသားစုက ငွေကျပ် တစ်သိန်း၊ မြဝတီဘဏ်လီမိတက် ဒုတိယ မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုက ငွေကျပ် ခုနစ်သိန်းနှင့် အိန္ဒိယ ရူပီး ၁၀၀၊ သံအမတ်ကြီး ဦးသိန်းတိုး (ငြိမ်း) မိသားစုက ငွေကျပ် နှစ်သိန်း၊ ကွယ်လွန်သူ ဦးဟုတ်လှိုင်အား ရည်စူး၍ ဒေါ်သန်းငွေ မိသားစုက ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူ မိဘများဖြစ်သော ဦးဟုတ်ကွီ-ဒေါ်သန်းကြည်နှင့် မောင် - ဦးမောင်မောင်အားရည်စူး၍ ဒေါ်သန်းငွေ မိသားစုက ငွေကျပ် ငါးသိန်း၊ နှစ်ဖက်မိဘများနှင့် ကျေးဇူးရှင်များအား ရည်စူး၍ဦးကြည်သာဟန်-ဒေါ်ငြိမ်းငြိမ်းမြင့် မိသားစုက ငွေကျပ် ငါးသိန်း၊ မနောမယသိဒ္ဓိ၊ ရဲရင့်မြတ်သူ ဆန်စက်နှင့် ဆန်ပွဲရုံ မိသားစုက ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်ထွေးနှင့် ဒေါ်မမကြီး (ဒေါ်မေမေသန်း)တို့အား ရည်စူး၍ ဒေါ်လှစိန် (ထိပ်တန်းစက္ကူစက်)ကငွေကျပ် ငါးသိန်း၊ နှစ်ဖက်မိဘဆွေမျိုးများအား အမှူးထား၍ ကိုသူရကျော်အောင်နှင့် မခင်ဘုန်းယဉ်၊ သမီး မင်းမာန်ပြည့်၊ မစိုးစိုးဦး မိသားစုက ငွေကျပ် ၅၀၅၀၀၀၊ မြိတ်မြို့နေ ဦးစိုးဝင်း-ဒေါ်ကြင်ဟုန်၊ သား အောင်အောင်ထိုက်-မေချိုဇင်သက်၊ မြေး ဝင်းပြည့်စုံအောင် မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဘိုးဘွားမိဘများနှင့် ဆရာတော် ဘဒ္ဒန္တပညာသာရ အားရည်စူး၍မယ်တော်ကြီး ဒေါ်ကြင်တင်နှင့် သားသမီး မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးသန်းထွန်း-ဒေါ်ယဉ်ယဉ်လှ(ရူပဗေဒဌာနမှူး-ငြိမ်း) မိသားစုက ငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းထောင့်နေ ဦးသန်းထွဋ်-ဒေါ်ဝါဝါဝင်းရွှေ သားသမီး မြေးတစ်စုက ငွေကျပ် ငါးသိန်း၊ မိခင်ကြီး ဒေါ်အေးသွင်အားအမှူးထား၍ ဒေါ်ဌေးဌေးလွင် (ပါမောက္ခ/ဌာနမှူး-ရန်ကုန်စီးပွားရေးတက္ကသိုလ်) က ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားနှစ်ခုနှင့် ငွေသားကျပ် တစ်သိန်း အပါအဝင် အလှူရှင် ၃၁၅ ဦးတို့က အလှူငွေများကို လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့နေ ဦးအောင်သောင်း-ဒေါ်ခင်ခင်ရီ မိသားစုက ငွေကျပ် ၃၃၁၀၀၀၀ တန်ဖိုးရှိ ပုလဲ တစ်ပွင့်စီပါ ပလက်တီနမ်နားကပ် တစ်ရန်၊ ပုလဲတစ်ပွင့်ပါ ပလက်တီနမ် လက်စွပ်တစ်ကွင်း၊ ပုလဲ ၁၉ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံးနှင့် ပုလဲ ၁၁ ပွင့်ပါရွှေဟန်းချိန်းတစ်ခု၊ ဒေါ်အေးအေးသိန်း မိသားစုက ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ ပတ္တမြားလုံးချော တစ်ပွင့်၊ ပတ္တမြားတာ ၂၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ပြောင်ခေါင်းစိမ်း တစ်ထုပ်၊ ကွယ်လွန်သူဖခင်နှင့် အစ်မတို့အား ရည်စူး၍ ဒေါ်လှစိန် မိသားစုက ငွေကျပ် ၂၅၅၃၀၀၀ တန်ဖိုးရှိ ရွှေဘီးနှင့် ရွှေဆွဲသီးနှစ်ခု၊ စိန် တစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ ကျောက်ဖြူ ၂၁ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ပတ္တမြားတစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ နိုင်ငံတော် သမ္မတရုံး အကြံပေး ဦးအံ့မောင်-ဒေါ်တင်တင်ဝေ မိသားစုက ငွေကျပ် ၆၅၀၀၀၀

တန်ဖိုးရှိ ကျောက်ဖြူ ၃၁ ပွင့်ပါ ရွှေရင်ထိုး တစ်ခု၊ ရွှေဆွဲသီးတစ်ခု၊ ကျောက်စိမ်းခွံဘိပါ ရွှေနားကပ် တစ်ရန်နှင့် ကျောက်နီတစ်ပွင့်စီပါ ရွှေနားကပ် တစ်ရန်၊ နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့နေ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)-ဒေါက်တာအေးမြတ်လွင် မိသားစုက ငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ပုလဲသုံးလုံးပါ ရွှေဆွဲကြိုးတစ်ကုံး၊ ပုလဲနှင့်စိန် ၁၆ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ခရမ်းဆွဲ ရွှေဆွဲသီးတစ်ခု၊ ကျောက်စိမ်း ရွှေလက်စွပ်တစ်ကွင်းနှင့် ကျောက်စိမ်းအသား လက်ကောက်တစ်ကွင်း၊ ရန်ကုန်မြို့နေ ဒေါ်စိန်တင် မိသားစုက ငွေကျပ် ၁၂၅၅၀၀၀ တန်ဖိုးရှိ ပတ္တမြား ၁၈၇ ပွင့်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ အရှေ့ရန်ကင်းနေ ဒေါ်တင်ဝေအေး မိသားစုက ငွေကျပ် ၁၈၄၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်း ၁၁ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ရန်ကုန်မြို့နေ ဦးနိုင်လှဝင်းက ငွေကျပ် ၁၃၆၀၀၀၀ တန်ဖိုးရှိ ပတ္တမြားတစ်ပွင့်၊ စိန် ၁၀ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ဦးမင်းနိုင်-ဒေါ်စောသန္တာ မိသားစုက ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်း တစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန်၊ ဗိုလ်ချုပ်လှရွှေ - ဒေါ်မူမူမြင့် မိသားစုက ငွေကျပ် ၄၄၆၀၀၀ တန်ဖိုးရှိ စိန် ၂၄ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ အင်ဂျင်နီယာတပ်ခွဲမှ ဗိုလ်ကြီးကောင်းဆက်ဟိန်း၊ ဒေါက်တာ ဥက္ကာဇင်က ငွေကျပ် ၇၅၄၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်း၊ ရန်ကုန်မြို့ ကောင်းရှယ်သန့်ဆန်ဆိုင်က ငွေကျပ် ၈၂၇၀၀၀ တန်ဖိုးရှိ ပတ္တမြား ခုနစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ပတ္တမြား ၈၅ ပွင့်ပါ ရွှေဆွဲသီး တစ်ခု၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗီလာနေ မဆွေဇင်ဦးက ငွေကျပ် ၇၃၀၀၀၀ တန်ဖိုးရှိ ရွှေဂါးနှစ်ပြား၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နိုင်-ဒေါ်မိမိလတ် မိသားစုက ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းဘုရားပုံတော် ရွှေဆွဲသီး တစ်ခု၊ မင်္ဂလာဒုံနေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း (ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာဌာန)-ဒေါ်မြင့်မြင့်အေး မိသားစုက ငွေကျပ် ၄၀၁၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေနားကွင်းတစ်ဖက်၊ ရွှေနားကပ်တစ်ဖက်၊ ပတ္တမြားခုနစ်ပွင့်ပါ နားကပ်တစ်ရန်၊ ခရမ်းဆွဲတစ်ပွင့်၊ မဟူရာတစ်ပွင့်နှင့် နဝရတ်တစ်စုံ အပါအဝင် ရတနာမျိုးစုံ ၈၇၃ ခုကို လှူဒါန်းကြပြီးတာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဒီဇင်ဘာ ၆ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၆၇၂၆၆၀၃၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ တန်ဖိုးငွေကျပ် ၁၂၂၈၅၄၅၀၀၊ အမေရိကန်ဒေါ်လာ ၅၂၀၁ နှင့် စင်ကာပူဒေါ်လာ ၇၈၈ တို့ဖြစ်ကြောင်း သိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့၊ နံနက် ၆ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယကတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ဖူးမြော်ကြည်ညိုပူဇော်ကြသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌမန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသောဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစွတာ လီကျင်းဟွာနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓါဘိသိက်သွန်း

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် တရုတ်ဆရာတော်တို့ထံ လျှဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး၏ဥက္ကဋ္ဌ ဆရာတော် Ven. Chuan Yin နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို တို့အတွက် ရွှေတိဂုံပုံတော်ကျောက်စိပန်းခိုကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော် စောင့်ရှောက်ရေး ဗဟိုအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ဂျန်းထံသို့လည်းကောင်း၊ မှတ်တမ်း ဓာတ်ပုံ အယ်လ်ဘမ်၊ ဓာတ်ပုံစီဒီနှင့် ဗီဒီယိုမှတ်တမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှု သံမှူးကြီး မစ္စတာကောင်းဇာ ထံသို့လည်းကောင်း ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ နတ်မင်းကြီးများကဗုဒ္ဓမြတ်စွယ်တော်အား မဟာပါသာဏ လိုဏ်ဂူတော်အတွင်းမှ မင်္ဂလာဝေါဟာဉ်တော်ဖြင့် လိုဏ်ဂူတော်တောင်ဘက်မုခ်ရှိ ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလိုက်ပါပူဇော်ကြပြီး ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်အား သိဏ္ဌမာလာရတနာဆင်ဖြူတော်က ဦးခိုက်ပူဇော်၍ ရှေ့မှပင့်ဆောင်ကာ ကမ္ဘာအေးမဟာပါသာဏ လိုဏ်ဂူကို လက်ယာရစ်လှည့်လည်ပူဇော်ပြီး လိုဏ်ဂူတော် အရှေ့ဘက်မုခ်မှ ကမ္ဘာအေးစေတီလမ်း မုခ်ဦးသို့ပင့်ဆောင်ပြီး ကမ္ဘာအေးစေတီလမ်းမုခ်ဦးမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့အစီအစဉ်အတိုင်း ထွက်ခွာကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်လာသော ရတနာရထားယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည့်အခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချီစက် (High Loader) ၊ ၎င်းမှ အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်သည့်အထူးလေယာဉ်သည် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးတိုင်းဒေသကြီးသို့ စတင်ထွက်ခွာရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို အာရုံပွားများကြပြီး ဗုဒ္ဓါနုဿတိ ဘာဝနာစီးဖြန်း၍ ဗုဒ္ဓမြတ်စွယ်တော်အား ရှိခိုးကော်ရော်ဖူး မြော်ကြည်ညိုကြသည်။

ယင်းနောက် ဧည့်ပရိသတ်များနှင့် ဝတ်အသင်းများက ရတနာသုံးပါးဂုဏ်တော်များကို အာရုံပွားများကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



ကမ္ဘာဒေးကုန်းရေမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံယင်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာယင်တော်အား
ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်မူတော်ခြင်း မဟာအမ်းအနားကျင်းပစဉ်း





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာအခမ်းအနားကျင်းပစဉ်။





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား
ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း မဟာအခမ်းအနားကျင်းပစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့
ပင့်ဆောင်ထုလမ်းတစ်လျှောက် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုပူဇော်ကြစဉ်။





ရတနာရထားယာဉ်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ
မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်နေစဉ်။





ရတနာရထားယာဉ်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ
မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်နေစဉ်။





ရတနာရထားယာဉ်မြင့် ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ
ပန်းလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်နေစဉ်။





ရတနာရထားယာဉ်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ
မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်နေစဉ်။



ဗုဒ္ဓမြတ်စွယ်တော်

မန္တလေးတိုင်းဒေသကြီးတွင် အလှူငှဲခံခြင်း

မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်း

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း နံဝင်ဘာလ ၂၂ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ၊ ၁၆ ရက်ကြာ ယာယီသီတင်းသုံး အပူဇော်ခံခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ရာ မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်တွင် ဒီဇင်ဘာလ ၈ ရက်နေ့မှ ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ အပူဇော် ခံသည်။

ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေတို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ တတိယမြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှညပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့သည် နတ်တော်လပြည့်နေ့ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ဖူးမြော်ကြရာ မန္တလေးတောင်ခြေ စန္ဒာမုနိကုသိုလ်တော်ဘုရားဝန်းကျင် တောင်ဘက်လမ်းတစ်လျှောက် တောင်ခြေအနှံ့၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး အရှေ့ဘက်လှေကားနှင့် ရင်ပြင်တော်တို့တွင် မြတ်စွယ်တော်ဖူးလာ ပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

ရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် Sky Net ရုပ်သံလိုင်းမှ ဗုဒ္ဓမြတ်စွယ်တော်အား တိုက်ရိုက်ထုတ်လွှင့်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၁၀ မှ ရဟန်းရှင်လူပြည်သူများမှာလည်း ရုပ်မြင်သံကြားဖန်သားပြင်မှ တိုက်ရိုက်ဖူးမြော်ကြည်ညိုခွင့် ရရှိကြသဖြင့် များစွာဝမ်းမြောက်ပီတိကုသိုလ်ဖွားများ လျက်ရှိကြပြီး မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်း အပြင်တို၌လည်း ဗုဒ္ဓမြတ်စွယ်တော်အား မြင်ကွင်းကျယ်ရုပ်မြင်သံကြား စက်ကြီးများဖြင့် ကုသိုလ်ယူ ပူဇော်ပြသပေးလျက် ရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူရန်အတွက် အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ မန္တလေးမြို့နေ ဦးခင်မောင်လှ - ဒေါ်လေးလေးမင်း၊ သား မောင်တင့်ဝေယံမင်း ရွှေနယားရောင်းဝယ်ရေးမိသားစုက ငွေကျပ်တစ်ဆယ့် ငါးသိန်းတန်ဖိုးရှိ ကျောက်စိမ်းကြိုး နဂါးရုပ်ဆွဲပြား၊

ပတ္တမြားလက်စွပ်ချယ်ဖြူတစ်ကွင်း၊ မိခင်ကြီး ဒေါ်ဝင်းအား ရည်စူး၍ မန္တလေးမြို့နေ ဦးကျော်မောင်၊ သားသမီးမြေးမြစ်တစ်စုက ငွေကျပ်တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ လက်စွပ်၊ ကျောက်ကြယ်သီး၊ နားကပ်တစ်စုံ၊ ဦးကောင်း - ဒေါ်ပိုပိုအား ရည်စူး၍ မန္တလေးမြို့သစ်နေ မြေး မဖြူသင်းမွန်က ငွေကျပ်တစ်ဆယ့်သုံးသိန်းတန်ဖိုးရှိ စိန်နားကပ်၊ မြိတ်ပုလဲတစ်စုံ၊ လားရှိုးမြို့နေ ဦးစန်းလွင့်(ခေါ်) ဦးစိန်ထွန်း - ဒေါ်စော မိသားစုက ငွေကျပ်ဆယ်သိန်းတန်ဖိုးရှိ ရွှေဖြူလက်စွပ်တစ်ကွင်း၊ နမ့်ဆန်မြို့နေ စိုင်းသားအို - နန်းခမ်းရွက်ဖွေး၊ သားစိုင်းမိုင်ဆိုင်း မိသားစုကငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ မန္တလေးမြို့နေ ဒေါ်ကြည်လွင် မိသားစုကငွေကျပ် ခြောက်သိန်းငါးသောင်းတန်ဖိုးရှိ ကျောက်စိမ်းနားကပ်တစ်ရန်၊ မန္တလေးမြို့နေ ဒေါ်သင်းသင်းမိုး မိသားစုက ငွေကျပ် လေးသိန်းတန်ဖိုးရှိ နားကပ်တစ်ရန်၊ ဆွဲကြိုးဆွဲသီးတစ်ကုံး၊ မန္တလေးမြို့နေ ရန်ကုန်အောင်အောင် ဆံပင်မိတ်ကပ်က ငွေကျပ် လေးသိန်းငါးသောင်းတန်ဖိုးရှိ ပတ္တမြားနီလာလက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ ဒေါ်ရွှေစင်၊ သမီးမသက်သက်အောင် ရှင်းမွန်ဖိနပ်ဆိုင်က ငွေကျပ်လေးသိန်းတန်ဖိုးရှိ ပတ္တမြားလက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်၊ ရွှေဆွဲသီးတစ်ခု၊ ပင်းတယမြို့နေ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့် ရဒေသ ဥက္ကဋ္ဌက အလှူငွေကျပ် ၉၄၂၁၀၀၊ မန္တလေးမြို့နေ ဒေါ်အေးကြည်မိသားစုနှင့် ဦးဇော်လင်း - ဒေါ်နန်းစံခမ်း မိသားစုတို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ယနေ့ည‌နေ ၅ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့်လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၂၁၅၂၆၂၉၆၁၊ အမေရိကန်ဒေါ်လာ ၂၉၆၂ယူရို ၁၀၀၊ ထိုင်းဘတ် ၅၁၀၊ စင်ကာပူဒေါ်လာ ၁၀၆၃ ဒသမ ၅၊ တရုတ်ယွမ် ၂၇၃၀ ဒသမ ၀၉၊ မလေးရှား ရင်းဂစ် ၂ အက်ဖ်အီးစီ ၁၅၃ ယူနစ်၊ အိန္ဒိယရူပီး ၁၇၊ အီဂျစ်ငွေ ၅၀၊ ကိုရီးယား ဝမ် ၂၁၀၀၀၊ ဖိလစ်ပိုင် ပီဆို ၁၅၀၊ ဗီယက်နမ် ဒေါင် ၁၄၀၀၊ အင်ဒိုနီးရှား ရူပီး ၅၁၀၀၀နှင့် ရွှေငွေကျောက်မျက် လက်ဝတ်ရတနာမျိုးစုံ ၅၆၅ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၅၅၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

ပင့်ဆောင်ပူဇော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးဒေါ်မြတ်ငွေတို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သက်တော်ရှည် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တအာဂ္ဂိယ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး ပုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ပုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်လာရာ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်ပြီး မင်္ဂလာရထားသံဖြင့် တီးခတ် ပူဇော်ကြိုဆိုကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ပေါ်မှ မင်္ဂလာဝန်ဆီစက် (High Loader) ဖြင့် မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပြီး ထိုမှရတနာရထား ယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် တရုတ်ပြည်သူသမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း စကားအင်းအဝိုင်းနှင့် တံခွန်တိုင်အဝိုင်းတို့မှတစ်ဆင့် မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ် ကြိုဆိုပူဇော်ရေးမဏ္ဍပ်တစ်လျှောက်မှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ပင့်ဆောင် ပူဇော်ကြရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က စည်ကားသိုက်မြိုက် ရိုသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်း မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမုခ်ဦးသို့ ရောက်ရှိသောအခါ ဗုဒ္ဓမြတ်စွယ်တော်ပင့်ရတနာရထားယာဉ်ကို မင်္ဂလာရတနာဆင်တော်ဖြင့် ပင့်ဆောင်၍ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး အရှေ့ဘက်အဝင်မုခ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြပြီး မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်တွင် အပူဇော်ခံထားရှိသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်း အခမ်းအနားမစတင်မီ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးဒေါ်မြတ်ငွေတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်များ အမှူးပြုသည့် ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ဆက်လက်၍ တရုတ်ပြည်သူသမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များနှင့် တရုတ်ဘုန်းတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘာသာရေးဝတ်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးအတွင်း၌ ဒီဇင်ဘာ ၂၃ ရက်အထိ ယာယီကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ရာ နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိရဟန်းရှင်လူ ပြည်သူအပေါင်း လာရောက်၍ ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိအပူဇော်ခံစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီးဆန်ကြီးချုပ် ဦးစံမြင့်နှင့်ဇနီးတို့က
မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုနေစဉ်





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိအပူဇော်ခံစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ပင့်ဆောင်ပူဇော်နေစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ပင့်ဆောင်ပူဇော်နေစဉ်။





ဗုဒ္ဓပြတ်စွယ်တော်အား ပန္နလေးအမြည်မြည်ဆိုင်ရာလေဆိပ်မှ မဟာဓတ္တလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ပင့်ဆောင်မူတော်နေစဉ်





ဗုဒ္ဓမြတ်စွယ်တော်အား မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းသို့ ပင့်ဆောင်ပူဇော်နေစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား သံယာတော်များနှင့် ပန္နလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆင်မြင့်နှင့်ဝန်း တို့က ပူဇော်ကြသည်ကိုနေစဉ်း



သံယာတော်များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းနေစဉ်။



သံယာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းနေစဉ်။



သံဃာတော်များအား ဖွင့်လှစ်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆဲမြင့်နှင့်ဇနီး ဘုရားဝတ်ပြုပစ္စည်းများကို ဆက်ကပ်လှူဒါန်းနေစဉ်





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ရေစက်ချတရားတော်နာယူနေစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဧည့်သည်တော်တို့က ဖူးမြော်ကြည်ညိုနေစဉ်။



ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး တို့က သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြစဉ်။



သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းနေစဉ်။





အလှူခံဌာနများသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနေကြစဉ်။





အလှူခံဌာနများသို့ အလှူငွေနှင့် ဈေး၊ ငွေ လက်ဝတ်ရတနာပစ္စည်းများ ထည့်ဝင်လှူဒါန်းနေကြစဉ်။





ဗုဒ္ဓမြတ်စွယ်တော်အား ထာန်းရှင်လှူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနေကြစဉ်





ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများ လာရောက်ပူးပေါင်းကြည်ညိုနေကြစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ခြင်း



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် အပူဇော်ခံဒေသ စာရိုက္ခာချီခဲ့သော ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသည်။

ပြန်လည်ပင့်ဆောင်ခြင်းမဟာမင်္ဂလာအခမ်းအနား

မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ပူဇော်ခြင်း၊ မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက် ၆ နာရီမှစ၍ မန္တလေးမြို့ အတုလယန် (အတုမရှိ) ကျောင်းတော်ကြီးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ခမ်းနားထည်ဝါစွာ ကျင်းပသည်။





စတုတ္ထအကြိမ်

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ပွဲ

မတ်တပ်မီး